ကြေးမုံ
The Mirror Daily
၁၉၅၇ ခုမြို့ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကို ရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 17 July 2019 ၉၇၁၃



ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဝါဆိုလပြည့်နေ့တွင် နေပြည်တော်၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကား

နေပြည်တော် ဇူလိုင် ၁၆

ယနေ့သည် ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေဖြစ်သည်နှင့်အညီ အများပြည်သူရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်၍ နေပြည်တော်ရှိတန်ခိုးကြီးဘုရားစေတီများ၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများကပ်လှူပူဇော်သူ၊ တရားဘာဝနာပွားများကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စည်ကားလျက်ရှိ

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပွဲ အခမ်းအနားကျင်းပခဲ့ပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကြေးမုံ ယနေ့ဗတ်စရာ

ဝါဆိုသင်္ကန်းကို ဗုဒ္ဓဘာသာလူမှုဒဿနမှ တစေ့တစောင်း သုံးသပ်ခြင်း

စာမျက်နှာ » ၇

သခွပ်မြစ်ဟောင်းတူးဖော်ခြင်းဖြင့် စိမ်းလန်းလာသည့် လယ်ယာမြေများနှင့်အတူ ဖွံ့ဖြိုးစည်ဝေလာသော ကွမ်းခြံကုန်းဒေသ

စာမျက်နှာ » ၁၈



အိန္ဒိယသံရုံး၌ ဝါဆိုလပြည့်နေ့ ဗုဒ္ဓပန်းချီပြပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၁၆

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ဝါဆိုလပြည့်နေ့ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ အိန္ဒိယသံရုံး၌ ဝါဆိုလပြည့်နေ့ ဗုဒ္ဓပန်းချီပြပွဲ ကျင်းပသည်။

"ဒီနေ့ကျင်းပတဲ့ပွဲကတော့ ရန်ကုန်မြို့ အိန္ဒိယသံရုံးနဲ့ Asia Art Connect တို့ပူးပေါင်းပြီး ကျင်းပတဲ့ပွဲ ဖြစ်ပါတယ်။ ဒီနေ့ဟာ မြန်မာလတွေ ထဲမှာ စတုတ္ထလဖြစ်ပြီး ဝါဆိုလပြည့်နေ့ဖြစ်ပါတယ်။ ဝါဆိုလပြည့်နေ့ဟာ ဗုဒ္ဓဘုရားရှင်ရဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ဗုဒ္ဓရဲ့ရုပ်ပွားတော်ပုံ ပန်းချီကားတွေကို ပြသပေးခြင်း ဖြစ်ပါတယ်။ ဒီနေ့လို နေ့မျိုးမှာ ပြပွဲကိုကျင်းပခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူဝမ်းမြောက်ပါတယ်" ဟု အိန္ဒိယသံအမတ်ကြီး Mr. Shri Saurabh Kumar က ပြောသည်။

ခင်းကျင်းပြသ

အဆိုပါပြပွဲတွင် မြန်မာပန်းချီဆရာ ခုနစ်ဦးက ပန်းချီကားပေါင်း ၁၆ ကားပြသခဲ့ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ စေတီပုထိုးပုံများ ပါဝင်ပြသခဲ့ကြောင်း၊ ပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသခဲ့ကြောင်းနှင့် ပန်းချီဆရာများ၏ ထူးခြားလက်ရာများကို ဂုဏ်ပြုသောအားဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း အိန္ဒိယသံအမတ်ကြီးက ထပ်လောင်းပြောကြားသည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားကို ဆီမီးထွန်းညှိဖွင့်လှစ်ပြီး သံအမတ်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ပြပွဲသို့ အိန္ဒိယသံရုံးနှင့်နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်များ၊ သံရုံးဝန်ထမ်းများတက်ရောက်ကြကာ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ပြခန်းအတွင်း ပြသထားသော ပန်းချီကားများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြင့်စိုး

တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့ဆက်သွယ်ရေးနည်းပညာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၆

မြန်မာနိုင်ငံအတွင်းရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများအတွက် ကွန်ပျူတာနှင့်ပတ်သက်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်ရည်ရွယ်၍ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်နှင့် WILLTEC Myanmar ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသည့် ပထမဦးဆုံးအကြိမ်မြောက် မြန်မာ့ဆက်သွယ်ရေးနည်းပညာပြိုင်ပွဲ (Myanmar IT Contest) ကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ Summit Park View ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စိစစ်ရွေးချယ်

အဆိုပါပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ကျောင်း အသီးသီးမှ စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး အိုင်တီပညာရပ်ကိုလေ့လာနေကြသော သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ရန်ကုန်)၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ နည်းပညာကျောင်း(မန္တလေး)၊ နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုက်ဘာစီးတီး)၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ နည်းပညာတက္ကသိုလ်(တောင်ကြီး)နှင့် ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး)တို့မှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အသင်းတစ်သင်းလျှင် ပြိုင်ပွဲဝင် နှစ်ဦးစီ ပါဝင်မည်ဖြစ်ပြီး အသင်းပေါင်း ၁၂ သင်းဖြင့် ပြိုင်ပွဲဝင် ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ပွင့်သစ္စာ

ရန်ကုန်မြို့တွင်းရှိ ဘတ်စ်ကားမှတ်တိုင် တစ်ထောင်ကျော်ကို ဇုန်သုံးဇုန်ခွဲကာ တည်ဆောက်

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်မြို့တွင်းရှိ ဘတ်စ်ကားမှတ်တိုင် တစ်ထောင်ကျော်ကို ဇုန်သုံးဇုန်ခွဲကာ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့အတွင်းရေးမှူး ဦးလင်းခိုင်က ပြောသည်။

ရန်ကုန်မြို့တော်ခန်းမတွင် ဇူလိုင် ၁၅ ရက်က ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ၌ မီဒီယာများ၏ မေးမြန်းမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့အတွင်းရေးမှူး ဦးလင်းခိုင်က အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပထမဇုန်ဖြစ်သည့် ရန်ကုန်မြို့တွင်း Downtown ခြောက်မြို့နယ် အပါအဝင် ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပနှင့် သဃ်ိုးကျွန်းမြို့နယ်တို့ပါဝင်သည့်ဇုန်ကို FMIDecaux ကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်ပြီး ယင်းကုမ္ပဏီမှ ဘတ်စ်ကားမှတ်တိုင် ၅၀၀ ကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဘတ်စ်ကားမှတ်တိုင် ၅၀၀ အနက် ၂၇၀ ကျော်ကို တည်ဆောက်ပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ဒုတိယဇုန်ဖြစ်သည့် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံနှင့် မြောက်ဥက္ကလာပမြို့နယ်တို့ပါဝင်သည့်ဇုန်ကို ကုမ္ပဏီတစ်ခုက တင်ဒါအောင်မြင်ထားပြီး ယင်းကုမ္ပဏီမှ မှတ်တိုင် ၂၅၀ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လှိုင်သာယာမြို့နယ်၌ ဘတ်စ်ကားမှတ်တိုင်များ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

တတိယဇုန်ဖြစ်သည့် ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်း၊ ဒေါပုံ၊ သာကေတ၊ ဒဂုံတောင်၊ ဒဂုံမြောက်မြို့နယ်တို့ ပါဝင်သည့်ဇုန်ကို ကုမ္ပဏီတစ်ခုမှ တင်ဒါအောင်မြင်ထားပြီး ယင်းကုမ္ပဏီမှ မှတ်တိုင်ပေါင်း ၄၀၀ ကျော် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မှတ်တိုင်များဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ကုမ္ပဏီအကြား စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ဘတ်စ်ကားမှတ်တိုင်ပေါင်း ၁၈၅၀ ခန့်ရှိပြီး ကျန်မှတ်တိုင်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ငြိမ်းငြိမ်း

ကြေးမုံ

လူငယ်အင်အားကို ထိရောက်စွာအသုံးချ

လူငယ်လူရွယ်ဆိုသည်မှာ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအား အဖွဲ့ဖြိုးဆုံး၊ အကောင်းဆုံးအရွယ်ဖြစ်သောကြောင့် လူငယ်လူရွယ်များ၏ စွမ်းပကားကို ထိရောက်စွာအသုံးချတတ်ဖို့လိုအပ်သလို လူငယ်လူရွယ်များကလည်း လူဘောင်လောကနှင့် မိမိတို့ဘဝ တိုးတက်အောင် နိုးကြားတက်ကြွစွာဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၇၇၀၀ ကျော်ရှိနေပြီး ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေသန်းပေါင်း ၈၅၀၀ ခန့်ရှိလာမည်ဟု ခန့်မှန်းထားသည်။ လူဦးရေတိုးပွားနှုန်းများသော နိုင်ငံများမှာ ဆင်းရဲနွမ်းပါးသော နိုင်ငံများဖြစ်ပြီး လူဦးရေတိုးပွားမှုနှင့်အတူ လူငယ်လူရွယ်ဦးရေ များပြားသည်။ ယင်းကို ထိရောက်စွာအသုံးချနိုင်သော နိုင်ငံများအဖို့ အလားအလာကောင်းများရှိနေပြီး အသုံးမချနိုင်သောနိုင်ငံများအဖို့ လူဦးရေပေါက်ကွဲမှုနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။

လူဦးရေတိုးပွားနှုန်း အလွန်နည်းသောနိုင်ငံများမှာ ဖွံ့ဖြိုးပြီးနိုင်ငံအများစုဖြစ်ပြီး ယင်းနိုင်ငံများတွင် လူငယ်လူရွယ်ဦးရေနည်းပါး၍ သက်ကြီးရွယ်အိုဦးရေများပြားကာ ရေရှည်တွင် လုပ်သားအင်အားရှားပါးမှု၊ လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ငွေကြေးသုံးစွဲမှု စသည့်ပြဿနာများနှင့် ရင်ဆိုင်နေရသောနိုင်ငံများကို တွေ့နိုင်သည်။ လူဦးရေတိုးပွားသောနိုင်ငံများတွင် ဖွံ့ဖြိုးမှုမရှိပါက ရွှေ့ပြောင်းသွားလာနေထိုင် အလုပ်လုပ်ကိုင်မှုများ မြင့်မားနေပြီး ယင်းတို့သည် လူငယ်လူရွယ်များ အများစုဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၄ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ သန်းကျော်ရှိမည်ဟု ခန့်မှန်းထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏လူဦးရေ အသက်အပိုင်းအခြားမှာ အချိုးကျမျှတမှုရှိနေသော်လည်း အနာဂတ်တွင် သက်ကြီးရွယ်အို လူဦးရေများပြားလာမည်ဖြစ်သည့်အတွက် လူငယ်လူရွယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် အလေးထားပျိုးထောင်ပေးရမည်ဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် လူဦးရေဆုလာဘ် အလားအလာကောင်းရှိနေဆဲဖြစ်၍ လူငယ်လူရွယ်၊ လူကြီးများအင်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ အကယ်၍အားမထုတ်ပါက အနာဂတ်တွင် လူငယ်လူရွယ်များ ဘေးထွက်ယိုစီးပြီး သက်ကြီးရွယ်အိုများတိုးပွားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးသွားမည်ဖြစ်သည်။ နိုင်ငံတိုးတက်ရေးသည် လူငယ်လူရွယ်တို့လက်ထဲတွင်ရှိသည်ကို သတိချပ်ရမည်။

မြန်မာနိုင်ငံလွတ်လပ်ရေး၊ မြန်မာနိုင်ငံတည်ထောင်ရေးကို လူငယ်လူရွယ်များက အများဆုံးလက်တွေ့လုပ်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ၁၉၄၄ ခုနှစ် မတ်လ ၁၃ ရက်နေ့ မင်္ဂလာဒုံစစ်တက္ကသိုလ် ဒုတိယပတ် ဗိုလ်သင်တန်းဆင်းပွဲတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လူငယ်ဗိုလ်လောင်းများအား "ဇာတိမာန်ကောင်းကောင်းထားတတ်ကြအောင် လုပ်ကြပါ။ ကိုယ့်နိုင်ငံကိုယ်ချစ်ပါ။ ကိုယ့်အမျိုးကိုယ်ချစ်ပါ။ ဗမာတွေဟာ လူဖျင်းတွေ၊ လူပျင်းတွေ၊ လူပိုတွေ၊ လူရိုင်းတွေ၊ လူခွစာတွေ၊ လူမတရားတွေ ဒီလို ကမ္ဘာက အထင်ခံရအောင် မလုပ်ပါနဲ့။ ဗမာတွေဟာ ဒီလိုမဟုတ်ဘူးဆိုတာ အလုပ်လုပ်ပြပြီး ဂုဏ်ယူပါ" ဟု မှာကြားထားသည်။

သို့ဖြစ်ရာ ယနေ့လူငယ်လူရွယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းညွှန်ထားသကဲ့သို့ လူပျင်း၊ လူဖျင်း၊ လူညံ့၊ လူရိုင်းများမဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပြီး မြန်မာဆိုလျှင် အထင်သေးသော နိုင်ငံများ အထင်ကြီးလာအောင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် လူငယ်အင်အားများကို ထိထိရောက်ရောက် ထည့်သွင်းအသုံးချနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News Presented by MPT
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလွင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1917
၁၉၅၇ ခရီ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှုနှင့် ၀၆၇-၃၆၁၂၄၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၅၊ ၀၆၇-၃၆၁၂၆၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၊
ရန်ကုန်နှံ့စွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေတာရင်း ၀၁-၂၉၁၅၇၄၊ ဖြန့်ဝေရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၂



ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင် ထမ်းဆောင်

အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ်ကို တရားသဖြင့် ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့ တိုင်းပြည်မျက်နှာကိုထောက်ထားပြီး ပြတ်ပြတ်သားသားဆောင်ရွက်စေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။ အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ။ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်ရင် ဘယ်သူမှလည်း ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလည်း လက်ဖျားနဲ့မှ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နေပြည်တော်ကောင်စီနယ်မြေ ညောင်ပင်ကြီးစုကျေးရွာရှိ ရွှေဟောင်းစေတီတော်များတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

အလားတူ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိ စေတီတော်ကြီးနှင့် "ဖွား၊ ပွင့်၊ ဟော၊ စံ"သံဃဇနိယ လေးဌာန၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုဇယစေတီတော်နှင့် အဆိုပါ စေတီပုရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် နေပြည်တော်ပုဂံဟု ထင်ရှားသော ရွှေဟောင်းစေတီတော်တို့တွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ပျဉ်းမနားမြို့ရှိ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန်စေတီတော်မြတ်ကြီးတို့၌လည်း နံနက်ပိုင်းက ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားများကျင်းပခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပခဲ့ရာ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်နှင့်အညီ ဝတ်အသင်းအဖွဲများက ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်ခြင်း၊ တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်ခြင်း၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ခြင်းစသည့် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြသည်။

ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေကာ လူပြည်၌ ပဋိသန္ဓေတည်သည့်နေ့၊ သိဒ္ဓတ္ထမင်းသားနိမိတ်ကြီး လေးပါးကိုမြင်၍ တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ခြေရင်း၌ တိတ္ထိတို့ကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၊ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ တရားရတနာစတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာစတင်ပေါ်သောနေ့၊ ပုထုဇဉ်ခရီးမှ အရိယာခရီးသို့ စတင်ကူးပြောင်းခွင့်ကြုံသောနေ့နှင့် ဇာတိဘိက္ခုဟူသောစကားကို စတင်ကြားရသောနေ့ ထိုသို့သော ထူးခြားသည့် ဂုဏ်အင်များနှင့် ပြည့်စုံသောနေ့တစ်နေ့ဖြစ်သည်။

သတင်း-ဟန်လင်းနိုင်၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်

ဝါဆိုလပြည့်နေ့တွင် ကျောက်ဆည်မြို့ရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရားသို့ လာရောက်အဓိဋ္ဌာန်ပြုလှူဒါန်းကြသူ ဘုရားဖူးပြည်သူများဖြင့် စည်ကား

မန္တလေး ဇူလိုင် ၁၆

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ နေထူးနေမြတ်ဖြစ်သော ဝါဆိုလပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အနီး သင်းတောင်းကြီးကျေးရွာရှိ မဟာရွှေသိမ်တော်မြတ်စွာဘုရားသို့ လာရောက်အဓိဋ္ဌာန်ပြု လှူဒါန်းသူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

"ဒီဘုရားကို လာရောက်ဖူးမြော်ပြီး အဓိဋ္ဌာန်ပြုဆုတောင်းကြသူတွေ နေ့စဉ်လာရောက်ကြပေမယ့် စနေ၊ တနင်္ဂနွေနဲ့ အခုလိုနေ့ထူးနေ့မြတ်တွေမှာတော့ ဘုရားဖူးသူတွေ ပိုပြီးစည်ကားနေပါတယ်။ လာရောက်ကြသူတိုင်းလည်း ကျွန်မတို့ဆိုင်တွေက ပန်း၊ ဆီမီးနဲ့ ကန်တော့ပွဲတွေ ဝယ်ယူပြီး အဓိဋ္ဌာန်ပြုလှူဒါန်းကြပါတယ်။ ပုံမှန်ရက်တွေဆိုတစ်ရက်ကို ကျပ်တစ်သိန်းကျော်၊ နှစ်သိန်းဖိုးလောက် ရောင်းရပေမယ့် ဒီလိုအခါကြီးရက်ကြီးတွေမှာဆို ကျပ်ငါးသိန်းကျော်လောက်အထိ ရောင်းရပါတယ်။ လှူဒါန်းသူတွေရဲ့ ဆန္ဒအရ ကန်တော့ပွဲရောင်းချတဲ့ ဆိုင်နာမည်မှာ အောင်တို့ ထူးတို့ ပါတဲ့ဆိုင်တွေက ပိုပြီးရောင်းအားကောင်းကြတယ်"ဟု အုန်း၊ ငှက်ပျောရောင်းသည့် ဈေးသည်တစ်ဦးက ပြောသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ရခိုင်ပြည်နယ်သို့ ထွက်ခွာ

နေပြည်တော် ဇူလိုင် ၁၆

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို ထပ်မံစိစစ်အတည်ပြုရန် ဖွဲ့စည်းခဲ့သည့် စုံစမ်းစစ်ဆေးရေးခုံရုံးမှ အဖွဲ့ဝင်များသည် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နိုင်ရန်အတွက် ဇူလိုင် ၁၅ ရက်က ရခိုင်ပြည်နယ်သို့ ထွက်ခွာသွားကြောင်း သိရသည်။

စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့သည် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနယ်မြေတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို စိစစ်အတည်ပြုရန် ဘူးသီးတောင်နယ်မြေသို့ ပထမအကြိမ် သွားရောက်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

ပခုက္ကူမြို့၌ MSMEs CONNECT 2019 (Magway) နှင့် စာပေဟောပြောပွဲ ကျင်းပမည်

မကွေး ဇူလိုင် ၁၆

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး မကွေးတိုင်းဒေသကြီး MSMEs Agency နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီတို့ ပူးပေါင်း၍ MSMEs CONNECT 2019 (Magway)ကို ပခုက္ကူမြို့ရှိ ပခုက္ကူခရိုင် အားကစားကွင်း၌ ဇူလိုင် ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ပြသ ရောင်းချပြီး စိတ်ဝင်စားဖွယ်ရာ အစီအစဉ်များတွင် ပူးပေါင်းပါဝင်ချိတ်ဆက်မှုများ ပြုလုပ်နိုင်ကြောင်း သိရသည်။

အဆိုပါ ပြပွဲအထိမ်းအမှတ်အဖြစ် ဇူလိုင် ၂၀ ရက်တွင် ဆရာ အော်ဝီကျယ်၊ ဆရာမ ဂျူး ၊ ဆရာမမြကြာငုံ (ဒေါက်တာနီလာသိန်း)တို့၏ စာပေဟောပြောပွဲများပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲတော်အတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပါဝင်ပြသသည့်ပြခန်းများ၏ ခင်းကျင်းပြင်ဆင်မှုဆု၊ တီထွင်ဖန်တီး MSME တို့၏ ထုတ်ကုန်ဆုများကို ပေးအပ်မည်ဖြစ်ပြီး စီးပွားရေးပညာရှင်များနှင့် ဟောပြောပွဲလာစာရေးဆရာ သုံးဦးတို့က ပါဝင်အကဲဖြတ် ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေတသန္တိစေတီတော်မြတ်ကြီး (၁၁)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

ဥပဒေသန္တိစေတီတော်မြတ်ကြီးအား (၁၁)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကျင်းပသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းဏီဇနီး ဒေါ်နန့်ကြင်ကြည် ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဗုဒ္ဓပဋိမာ ရုပ်ပွားဆင်းတုတော်အား ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူစဉ်။

အခမ်းအနားသို့ဥပဒေတသန္တိစေတီတော်မြတ်ကြီးဂေါပက အဖွဲ့၏ ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စေ့းကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းဏီဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဆက်ကပ်ပူဇော်

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်များနှင့် မဟာဆုတောင်းပြည့်ဘုရားကြီးအား ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပြီး ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့်သောက်တော်ရေများ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကိုကျင်းပရာ ဆရာတော် ဒေါက်တာဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အနုမောဒနာတရားနာယူ

ယင်းနောက် စိုးလျှပ်စစ်ဖောင်ဒေးရှင်းမိသားစုက ဆောက်လုပ်လှူဒါန်းထားသော ဓာတ်လှေကားလျှောက်လမ်း အမိုးစောင်းတန်းကို ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဂေါပကအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသည့် ဇည့်ပရိသတ်များက ဆရာတော် ဒေါက်တာဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာယူကြသည်။ **သတင်းစဉ်**



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဗုဒ္ဓပဋိမာ ရုပ်ပွားဆင်းတုတော်အား ဝါဆိုရွှေကြာ သင်္ကန်းကပ်လှူစဉ်။

ဥပဒေတသန္တိစေတီတော်မြတ်ကြီးအား (၁၁)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် (၁၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပစဉ်။

သတိပေးနှိုးဆော်ချက်

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသည့် ပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ် မောင်းနှင်သူများအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ရန်ကုန်မြို့တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

ရန်ကုန် ဇူလိုင် ၁၆

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အားလျော်စွာ ယနေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ရွှေတိုဂုံစေတီ

ရွှေတိုဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)နှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့ နံနက် ၅ နာရီမှစတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်ရင်ပြင်တောင်ဘက်ရှိ ရှေ့ဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ မြတ်စွာဘုရားအား ရည်မှန်း၍ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ကျင်းပရာ စေတီတော်ရင်ပြင်တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရှေ့ဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဓမ္မစကြာအခါတော်နေ့နှင့် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ရေစက်ချအခမ်းအနားကို ကျင်းပရာ ရွှေတိုဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိုဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများအား ဂေါပကအဖွဲ့နှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ရွှေတိုဂုံစေတီတော်၌ ဝါတွင်းသုံးလဥပုသ်နေ့နံနက်တိုင်း ရင်ပြင်တော်ရှိ ရှေ့ဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများက ဝါတွင်းသီလပေးတရားတော်များ ချီးမြှင့်ကြမည်ဖြစ်ရာ ဥပုသ်သီတင်းသီလဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ လာရောက်ကြည်ညိုခြင်း သိရသည်။

မဟာဝိဇယစေတီ

မဟာဝိဇယစေတီတော် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) တွင် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးလာပြည်သူများ လာရောက်ကြည်ညိုခြင်း ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်းကြသည်။

ဝိုလ်တထောင်စေတီ

ဝိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၁ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို နံနက်ပိုင်းမှစတင်ကျင်းပရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။ ဝိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၌ ဝါတွင်းသုံးလဥပုသ်နေ့နံနက်တိုင်း ရင်ပြင်တော်ရှိ ဓမ္မာရုံ၌ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးနှင့် သံဃာတော်များက ဝါတွင်းသီလပေးတရားတော်များ ချီးမြှင့်သွားမည်ဖြစ်ရာ ဥပုသ်သီတင်းသီလဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ လာရောက်ကြည်ညိုခြင်း သိရသည်။



ရွှေတိုဂုံစေတီတော်၌ ဘာသာရေးဝတ်အသင်းအဖွဲ့များက ရွှေကြာသင်္ကန်းများကို ကိုင်ဆောင်ကာလှည့်လည်ပူဇော်ကြစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၈၁ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို နံနက်ပိုင်းတွင် ကျင်းပပြီး နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌဆရာတော်ကြီးများအပါအဝင် ဩဝါဒါစရိယဆရာတော်ကြီးများအမျှပြုသော ဆရာတော် အရှင်မြတ်များအား ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဂေါပကအဖွဲ့၊ ဝတ်အသင်းသူ အသင်းသားများနှင့် အလှူရှင်များက စေတီတော်မြတ်ကြီးအား ကပ်လှူမည့် ဝါဆိုသင်္ကန်းတော်များကို ကိုင်ဆောင်၍ စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူ၌ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကျိုက်ပိုင်းစေတီ

ရှေ့ဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ပိုင်းစေတီတော်ကြီး၏ ၁၃၈၁ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ အလှည့်ကျဂေါပက ဦးအုန်းကြိုင်က ဓမ္မစကြာအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

မွန်းလွဲ ၁ နာရီခွဲတွင် စေတီတော်ရှိ အောင်ဓမ္မာရုံ၌ သဒ္ဓမ္မရောင်ခြည်တော်တိုက်ဆရာတော် ဦးဣန္ဒာစက္ကက နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောကြားတော်မူသည်။

စွယ်တော်မြတ်စေတီ

ဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ (၂၂) ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် (၁၃) ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ဂေါပကအဖွဲ့က ကြီးမှူး၍ သာသနာ့ဝေယျာဝစ္စအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ဝါဆိုရွှေကြာသင်္ကန်းများကို ဂေါပကအဖွဲ့ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက ကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ကန်ဦးဇေတဝန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ကျောက်တော်ကြီးဘုရား

လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) ၏ (၁၈) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဆရာတော် ဦးသုနန္ဒ ထံမှ ဇည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေခြင်းများ ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်၏ (၄၂) ကြိမ်မြောက် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အဆိုပါ အဖွဲ့ချုပ်၌ ကျင်းပသည်။

ယနေ့သည် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုပြုကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

သတင်း - ရီရီမြင့်၊ ဥမ္မာသန်



ဝါဆိုလပြည့်နေ့တွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ရင်ပြင်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- စိုးမြင့်အောင်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ဓာတ်ပြားနှင့် ဓာတ်ပြားစက်များ လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၁၆

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ခေတ်ဟောင်း(အင်္ဂလိပ်/မြန်မာ) ဓာတ်ပြားများနှင့် ဓာတ်ပြားစက်များအား ထိန်းသိမ်းထားရှိလိုသဖြင့် လှူဒါန်းလိုသူများရှိပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(အသံလွှင့်)ဖုန်း- ၀၆၇-၇၉၂၁၂၂၊ ၀၉-၂၅၀၁၀၇၉၀၃၊ ဦးရန်နိုင်ထွန်း လက်ထောက်ညွှန်ကြားရေးမှူး(မှတ်တမ်း) ဖုန်း- ၀၉-၂၅၄၁၈၁၃၊ နေပြည်တော် (တပ်ကုန်း)နှင့် ဦးတင်အုန်း (ဦးစီးအရာရှိ) ဖုန်း- ၀၉-၄၂၀၂၅၀၆၈၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းအမှတ် (18/D) နေ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာနှင့် ဇနီး ဒေါ်လှလှမြင့်၊ သား - ဦးအောင်လက်ျာ၊ သမီး- ဒေါက်တာ ခင်လက်ျာ၊ ဒေါ်ယုလက်ျာ မိသားစုမှ အင်္ဂလိပ်ခေတ်ဟောင်း ဓာတ်ပြား ၁၀၃ ချပ်နှင့် Dual ဓာတ်ပြားစက်တစ်လုံးကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးခွဲ (ရန်ကုန်)သို့ ဆက်သွယ် လှူဒါန်းခဲ့သဖြင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

နိုင်ငံတော်လုပ်ကြံမှုကြီးနှင့် ဂယက်များ

မိုးက စိုစို၊ ကျီးအုပ်ပြိုး၍
ထိုမှ ဤမှ၊ တိုလမ်းမတွင်
ပျံကြ ဝဲကြ၊ ငရဲထသို့
အုံကြွမြည်အာ၊ မသာယာကို
ငါကြားခဲ့၏ မှတ်မိ၏။
ထိုနေ့ခင်ဗျာ၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏။

ဇော်ဂျီ



၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် မိုးက တဖွဲဖွဲရွာလျက်ရှိသည်။ တစ်ခါတစ်ခါ သဲသဲမဲမဲ ရွာချနေသည်။ ရန်ကုန်မြို့သည် ခါတိုင်းနေ့များလိုပင် သက်ဝင်လှုပ်ရှား သွားလာနေကြသည်။

ရန်ကုန်မြို့အတွင်းဝန်ရုံးတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဝန်ကြီးများသည် အစည်းအဝေးကျင်းပနေသည်။ ၁၀ နာရီ ခွဲ၇ မိနစ်တွင် ဝန်ကြီးများအစည်းအဝေးကျင်းပနေသည့်နေရာမှ (ဒိုင်း၊ ဒိုင်း၊ ဒိုင်း)အသံများ ရုတ်တရက်ထွက်ပေါ်လာခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေစဉ် လူသတ်သမားများက အမှတ် (၁၂) တပ် ခြေသုံ့တံဆိပ်ပါသော စစ်ယူနီဖောင်းများဝတ်ဆင်လျက် အစည်းအဝေးအခန်းအတွင်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

ဤသို့နှင့် မြန်မာ့သမိုင်းတွင် အကျည်းတန်အရုပ်ဆိုးသောဖြစ်ရပ်ကြီး ဖြစ်ပေါ်လာခဲ့သည်။ လူထုကြီးတစ်ရပ်လုံး၏ ချစ်ကြည်လေးစားမှုကို ယုံကြည်စိတ်ချလျက် အကာအကွယ်မယူ၊ မစီမံဘဲ လွတ်လပ်စွာ စည်းဝေးလျက်ရှိသော ဝန်ကြီးများသည် ရုတ်တရက် တိမ်းရှောင်ခုခံရန် မတတ်နိုင်ဘဲ လူသတ်သမားတို့၏ တရစပ်ပစ်ခတ်သော စက်သေနတ်ကျည်သင့်၍ အတုံးအရုံး ကျဆုံးခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများ လုပ်ကြံခံရ၍ ကျဆုံးသွားခဲ့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ကြည်က တိုင်းပြည်သို့ မှာကြားချက်အဖြစ် အသံလွှင့်ရုံမှတစ်ဆင့် ပြောဆိုခဲ့သည်။ "ကျွန်မ၏ ခင်ပွန်းသည်ဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဟာ လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်မှာပဲ အခုတော့ ကျဆုံးသွားရှာပါပြီ။ ဒီတော့ကာ ကျဆုံးသွားရတဲ့သူတွေလည်း ကျဆုံးသွားကြပြီဖြစ်တဲ့အတွက် ချဲ့ထွင်လို့လည်းပဲ မပြောလိုတော့ပါဘူး။

"ကျဆုံးသွားတဲ့ ပုဂ္ဂိုလ်များကို ချစ်ကြည်လေးစားကြရင်ဖြင့် သူတို့ရည်ရွယ်ထားခဲ့တဲ့ ပန်းတိုင်အထိရောက်အောင် ချမှတ်ခဲ့တဲ့လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ကြပါလို့ ပြောပါရစေတော့။

"ကျွန်မမှာတော့ ကြီးလေးတဲ့တာဝန်တွေကို ရှေ့ဆောင် ရှေ့ရွက်အဖြစ်နဲ့ မလုပ်နိုင်သေးလို့ နောက်က နေပြီးတော့ပဲ ဗိုလ်ချုပ်ချမှတ်ခဲ့တဲ့ လမ်းစဉ်များကို တစ်နည်းတစ်ဖုံပြုစုအားပေးပြီး သူ့ရဲ့ရင်နှစ်ဖြစ်တဲ့ ကလေးများကို သူတို့ရဲ့ဖခင်သွေးပီပီ ဖခင်လို ဖြစ်ထွန်းလာစေဖို့ ပြုစုပျိုးထောင်ပေးတော့မယ်လို့ ဆုံးဖြတ်ပြီးပါပြီ။

"ကျွန်မနည်းတူ ကျွန်မနှင့် ကံတူအကျိုးပေးဖြစ်ကြရတဲ့၊ ကျဆုံးသွားကြတဲ့ ခေါင်းဆောင်ကြီးများရဲ့ ဇနီးသည်များမှာလည်း ဝမ်းနည်းပက်လက်ဖြစ်ကြပေလိမ့်မယ်လို့ သိပါရဲ့။ ဒါပေမယ့် ကျွန်မပြောလိုတာကတော့ သူတို့ကို တကယ်ချစ်ရိုးမှန်ရင်ဖြင့် သူတို့ချမှတ်ထားခဲ့တဲ့ လမ်းစဉ်ကို လိုက်ကြစေလိုပါတယ်။ ဒါမှလည်းပဲ သူတို့ကို ချစ်ရာခင်ရာရောက်ပါလိမ့်မယ်။

"ဒီတော့ ကျွန်မတို့က အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းပြီး အားပေးကြဖို့ လိုပါတယ်။ ကျွန်မတို့ တိုင်းသူပြည်သားများကလည်း ကျဆုံးသွားတဲ့ ပုဂ္ဂိုလ်ကြီးများကို လေးစားတဲ့အနေနဲ့ ဒေါသရှေ့ထားပြီး စိတ်လိုက်မာန်ပါမပြုလုပ်ကြဘဲ ကွယ်လွန်တဲ့ ပုဂ္ဂိုလ်များရဲ့ချမှတ်ထားခဲ့တဲ့ လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ဖို့ လိုပါတယ်။

"ဖဆပလအဖွဲ့ကြီးနဲ့ ဖဆပလအစိုးရအဖွဲ့ကို အားလုံးထောက်ခံကြပြီး ကွယ်လွန်ရှာကြတဲ့ ခေါင်းဆောင်များရဲ့ရည်မှန်းချက်ဖြစ်တဲ့ (လုံးဝလွတ်လပ်ရေး) မရမနေကြိုးစား အားထုတ်ကြပါလို့သာ တိုင်းပြည်အား အပြီးသတ်မှာကြားခဲ့ပါတယ်။"

ပြိုင်ဘက်မဲ့ ခေါင်းဆောင်ကြီး အာရှတိုက်ကြီး၏ သတ္တိခဲ ရဲဘော်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဆုံးရှုံးသဖြင့် ယူကျုံးမရဖြစ်ရပြီဟု အိန္ဒိယကြားဖြတ်အစိုးရ ဒုတိယဥက္ကဋ္ဌ ပဏ္ဍာစဂျဝါဟလာနေရူးက ထုတ်ဖော်ပြောဆိုခဲ့သည်။ ဤကဲ့သို့ ထင်ရှားသောခေါင်းဆောင်ကြီးများကို လွတ်လပ်ရေးတံခါးဝသို့ ဆိုက်ရောက်နေချိန်၌ လုပ်ကြံခြင်းမှာ ပြောချင်မဆုံးနိုင်လောက်အောင် ကြေကွဲဝမ်းနည်းရသည်ဟု ဆိုလေသည်။

ဦးအောင်ဆန်းသည် လူငယ်ပင်ဖြစ်စေကာမူ ကျွန်ုပ်၏ရဲဘော်မိတ်ဆွေဖြစ်ကာ မြန်မာလူထု၏ ပြိုင်ဘက်မဲ့ခေါင်းဆောင်နှင့် မြန်မာ့လွတ်လပ်ရေးကို ဖန်တီးမည့် ပုဂ္ဂိုလ်ဖြစ်၍ များစွာဝမ်းနည်းကြောင်း၊ ကျဆုံးရှာသောဌင်း၏အဖော်များအတွက်လည်း ဝမ်းနည်းကြောင်း၊ အာရှတိုက်ကြီးမှာ ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောသားကောင်းရတနာများ ဆုံးရှုံးရခြင်းကြောင့်လည်း ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဤဆိုးရွားသော အဖြစ်သနစ်သည် စည်းမဲ့ကမ်းမဲ့ပရမ်းပတာဖြစ်မှုနှင့် ကြောက်မက်ဖွယ်ရာအန္တရာယ်များကို သတိပေးခြင်းဖြစ်ကြောင်း၊ ယင်းတို့မှာ လွတ်လပ်ရေး၏ ရန်ဆူးရန်ငြောင့်များဖြစ်၍ အကျိုးအားဖြင့် ဖရိုဖရဲ ပျက်စီးဆုံးပါးခြင်း၊ စိတ်နှလုံး ပူပန်ညစ်နွမ်းခြင်းသာ အဆုံးရှိပေကြောင်း၊ အိန္ဒိယပြည်၊ မြန်မာပြည်နှင့် အာရှတိုက်သည် ၎င်းတို့၏လွတ်လပ်ရေးအတွက် အကြမ်းဖက်မှုများကို ရင်ဆိုင်ကြရကြောင်း၊ ကျွန်ုပ်သည် အိန္ဒိယလူမျိုးတို့၏ ကိုယ်စား လှိုက်လှိုက်လဲလဲ ဝမ်းနည်းပူဆွေးကြောင်းကို မြန်မာလူထုသို့ပြောကြားပါကြောင်း၊ အနာဂတ်အခက်အခဲတွေ့ကြုံရသည့်အခါများတွင် အိန္ဒိယပြည်သည် မြန်မာတို့နှင့်အတူ ယှဉ်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း အိန္ဒိယခေါင်းဆောင် ပဏ္ဍာစ်နေရူးက ထုတ်ဖော်ပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီကြီးကလည်း မြန်မာနိုင်ငံမှ လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ပြုလုပ်သော ဆုတောင်းပတ္ထနာပွဲတွင် ဆုတောင်းစကားပြောဆိုခဲ့သည်။

"မြန်မာနိုင်ငံသည် အိန္ဒိယကဲ့သို့ လွတ်လပ်ရေးရတော့မည်။ မြန်မာနိုင်ငံခေါင်းဆောင် ဂျင်နရယ်အောင်ဆန်းသည် ခေတ်သစ်မြန်မာနိုင်ငံကို မွေးဖွားသူဖြစ်ပြီးလျှင် မြန်မာနိုင်ငံကို လွတ်လပ်ရေးတံခါးဝ၌ ထားပစ်ခဲ့သည်။ ဂျင်နရယ်အောင်ဆန်းသည် သူရဲကောင်းလုလင်ဖြစ်သည်။ သူကြောင့် ယနေ့ မြန်မာနိုင်ငံလွတ်လပ်ရေးရတော့မည်။ လက်နက်ကိုင်တစ်စုက သူနှင့်သူ့ရဲဘော်များကို လုပ်ကြံသတ်ဖြတ်လိုက်သည်။ ယင်းမှာ သေးငယ်သော အဖြစ်အပျက်မဟုတ်ပေ။ မြန်မာနိုင်ငံသည် ကျွန်ုပ်တို့နှင့် ဘယ်လောက်ပင်ဝေးဝေး ယင်းအဖြစ်အပျက်သည် ကျွန်ုပ်တို့အတွက် စိတ်မချမ်းမြေ့ဖွယ်ပင် ဖြစ်သည်။ အကယ်၍ ယင်းအဖြစ်အပျက်မျိုး ဖြစ်ပျက်နေခဲ့သော် ကမ္ဘာကြီး၏ အခြေအနေဘယ်လိုဖြစ်သွားမည်နည်း။ မြန်မာနိုင်ငံတွင် ကျွန်ုပ် အတော်ကြာအောင် နေခဲ့ဖူးသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသည့်နိုင်ငံ ဖြစ်သည်။ မြန်မာပြည်သူ ပြည်သားတို့သည် များသောအားဖြင့် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများဖြစ်သည်။ ဗုဒ္ဓဘာသာထွန်းကားသည့်နိုင်ငံ၌ ဘာကြောင့် ယခုလို သွေးထွက်သံယိုအဖြစ်မျိုး ပေါ်ပေါက်လာရသနည်း။ လွတ်လပ်ရေးတံခါးဝ၌ ခြေချနေစဉ် ယခုလိုဖြစ်ရသည်မှာ အလွန်တရာဝမ်းနည်းဖွယ်ကောင်းသည်။

"အိန္ဒိယသည် မြန်မာနိုင်ငံတွင် ဖြစ်ပျက်သော အဖြစ်အပျက်မှ သင်ခန်းစာယူလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်သည်။ အကြောင်းမူကား ယင်းအဖြစ်အပျက်သည် မြန်မာနိုင်ငံအတွက်မျှသာမက အာရှတိုက်တစ်ခုလုံးအတွက် ကြေကွဲဝမ်းနည်းဖွယ် အဖြစ်ဆိုးတစ်ရပ်ဖြစ်သောကြောင့်တည်း။

"ကျဆုံးသွားတဲ့ ပုဂ္ဂိုလ်များကို ချစ်ကြည်လေးစားကြရင်ဖြင့် သူတို့ရည်ရွယ်ထားခဲ့တဲ့ ပန်းတိုင်အထိရောက်အောင် ချမှတ်ခဲ့တဲ့ လမ်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ကြပါလို့ ပြောပါရစေ"

မြင့်ဆွေဦး

ဘုရားသခင်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လွတ်လပ်ရေးအတွက် ဗျာများနေသော မြန်မာပြည်သူ ပြည်သားတို့အား ယခုလို ပူဆွေးဒုက္ခရောက်နေချိန်၌ နှစ်သိမ့်မှုပေးပါစေရန် လည်းကောင်း၊ ကွယ်လွန်သူခေါင်းဆောင်များ၏ မိသားစုများအား သောကပရိဒေဝ ခံနိုင်စွမ်းရှိအောင် စွမ်းရည်သတ္တိပေးပါစေတူ၍လည်းကောင်း ကျွန်ုပ်တို့ ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။"

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များကလည်း ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။

အင်္ဂလန်နိုင်ငံ ဆင္ခမမြောက် ဂျော့ဘုရင်ထံမှ ပေးပို့သော သဝဏ်လွှာတွင် "မိမိသည် ဇနီးနတ်ရီလအတွင်းက ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြတို့အား တွေ့ဆုံခဲ့ရသည်ကို ဝမ်းပန်းတသာ သတိရလျက်ပင်ရှိရသေးသည့်အခါ၌ မြန်မာပြည်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဝင်ရောက်သတ်ဖြတ်သည့် သတင်းကို ကြားရသောအခါ များစွာပင် စိတ်မကောင်းဖြစ်ရပါသည်။

ဆက်လက်၍ မိမိပြင်းပြစွာဝမ်းနည်းကြောင်းကို လုပ်ကြံခံရသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဆွေမျိုးများထံ ပို့ပေးရန် ဆန္ဒရှိပါသည်။ ယင်းအပြင် မိမိကလည်း အနာတရဒဏ်ရာရသော ပုဂ္ဂိုလ်များ၏အခြေအနေကို အစုံအလင် သတင်းပေးပို့ရန် လိုလားပါသည်။ မိမိသည် အဆိုပါပုဂ္ဂိုလ်များ ကျန်းမာချမ်းသာကြလိမ့်မည်ဟု ယုံကြည်ပါသည်"ဟု ရေးသားဖော်ပြခဲ့သည်။

ဗြိတိသျှအစိုးရကပေးပို့သော သဝဏ်လွှာတွင် "မြန်မာပြည်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား လုပ်ကြံသည့်သတင်းကို ကြားရသောအခါ များစွာပင် တုန်လှုပ်ချောက်ချားမိပါသည်။ ထိုသို့ လုပ်ကြံခံရသော ပုဂ္ဂိုလ်များ၏ဆွေမျိုးများထံ ပြင်းပြစွာ ဝမ်းနည်းမိသည့်အကြောင်းကို သိစေအပ်ပါသည်။ ဗြိတိသျှအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြ တို့အား ယူနိုက်တက်ကင်းဒမ်းပြည်သို့ ဇန်နဝါရီလအတွင်း ရောက်ရှိလာစဉ်က ခင်မင်ရင်နှီးစွာ သိရှိပြီးဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်ခြင်းအားဖြင့် မြန်မာပြည်တွင် တိုင်းပြည်၏ သစ္စာရှိစွာသော ခေါင်းဆောင်တစ်ဦးဆုံးရှုံးခဲ့ရလေသည်"ဟု ရေးသားထားသည်။

အိန္ဒိယနိုင်ငံဘုရင်ခံချုပ် လော့စ်မောင့်ဘက်တန်ထံမှ မြန်မာနိုင်ငံဘုရင်ခံထံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ "သင်နှင့် မြန်မာနိုင်ငံအစိုးရတို့ထံသို့ ဝမ်းနည်းစကားကြားရောက်အပ်ပါသည်။ ကြောက်မက်ဖွယ်ရာကောင်းလှသော ဤဖြစ်ပွားမှုကြီးအတွက် အထူးပင် စိတ်တုန်လှုပ်မိပါတော့သည်။"

ထို့အတူ အမေရိကန်အစိုးရကလည်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။


ဇူလိုင်လ ၁၉ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အခြားဝန်ကြီးများနှင့် အစိုးရအရာရှိအချို့ ရက်စက်စွာ လုပ်ကြံခံရခြင်းအတွက် အမေရိကန်ပြည်ထောင်စု အစိုးရက အထူးဝမ်းနည်းသည့်အကြောင်းကို ရန်ကုန်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ချုပ်မှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီး သခင်နထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့ခဲ့လေသည်။

ကမ္ဘာ့သတင်းစာများကလည်း လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ သတင်းများရေးသားတင်ပြခဲ့သည်။ ထိုသတင်းစာများမှာ ဘော့ဗ်ဇားဗားသတင်းစာ၊ ရိုက်တာသတင်း၊ အခု ဗန်ကောက်ပို့စ်သတင်းစာ၊ တိုင်း(မ်)သတင်းစာ စသည်တို့ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံမှ သတင်းစာများကလည်း ထိုလုပ်ကြံမှုကြီးသတင်းကို ဝေဖန်ချက်များနှင့်အတူ ရေးသားတင်ပြခဲ့ကြလေသည်။ လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ထိုနေ့ထိုရက်က ပြောကြားခဲ့သော၊ ထုတ်ပြန်ခဲ့သော သတင်းအချက်အလက်များကို တင်ပြလိုက်ခြင်းဖြစ်သည်။ ။

ဝါဆိုသင်္ကန်းကို ဗုဒ္ဓဘာသာလူမှုဒဿနမှ တစေ့တစောင်း သုံးသပ်ခြင်း

အောက်စ်ဖို့ဆရာတော် ပါမောက္ခဒေါက်တာဓမ္မသာမိ



အောက်စ်ဖို့ဆရာတော် ပါမောက္ခဒေါက်တာဓမ္မသာမိ

ယခု အချိန်က ဝါဆိုခါနီး သင်္ကန်းတွေ ဆက်ကပ်ကြတယ်။ ဝါဆိုသင်္ကန်း စတင်ဆက်ကပ်တဲ့ နှစ် ၂၆၀၀ ကျော်က အခြေအနေတွေက အခုခေတ် ဘုန်းကြီးတို့ရဲ့သဘာဝပတ်ဝန်းကျင်၊ လူမှုရေး ပတ်ဝန်းကျင်နှင့် စီးပွားရေးပတ်ဝန်းကျင်တွေနဲ့ ကွာတယ်။

ဟိုးခေတ်တုန်းက ဒီလောက်လည်းပဲ လူဦးရေ မထူထပ်သေးဘူး။ နောက်ပြီးတော့ ရဟန်းတော်တွေက အမြဲတမ်း ကျောင်းမှာ အများစုသီတင်းသုံးနေတာ မဟုတ်ဘူး။ တစ်နှစ်တစ်နှစ်ကို ခရီးထွက်တဲ့အချိန်က ပိုများတယ်။ ဗုဒ္ဓမြတ်စွာဘုရားခေတ်တုန်းက တရားကျင့်တယ်ဆိုရင်လည်း တရားကျင့်ဖို့ ဒီလိုတစ်နှစ်ပတ်လုံး ထားတဲ့ရိပ်သာတွေ မရှိသေးဘူး။ တရားထိုင်ဖို့နည်းလမ်းတွေရပြီဆိုရင် ကိုယ့်ဟာကိုယ် လူသူဆိတ်သုဉ်းတဲ့နေရာသွားနေပြီးတော့ ရဟန်းတော်တွေ တရားကျင့်ကြတယ်။

ဆိုလိုတာက တရားကျင့်ဖို့ ခရီးထွက်တာ ပိုများတယ်။ အခုခေတ်ကျတော့ ကျောင်းမှာနေတာ ပိုများတယ်။ ဗုဒ္ဓခေတ်က ဆရာတော်တစ်ပါးက ခရီးထွက်တယ်ဆိုရင် သူ့တပည့်တွေလည်း လိုက်ပြီးတော့ အတူတူထွက်တယ်။ ရောက်တဲ့နေရာမှာ စာသင်တယ်၊ ရောက်တဲ့နေရာမှာ တရားပေး၊ တရားထိုင်အလုပ် လုပ်တယ်။ ရွှေလျာကျောင်းတိုက်၊ ရွှေလျာရိပ်သာပုံစံမျိုးဖြစ်ပါတယ်။ ခရီးသွားတဲ့အတွက်ကြောင့်မို့လို့ မိုးဝင်ခါနီး တစ်ကြိမ်၊ နောက်ပြီး မိုးကုန်ခါနီးတစ်ကြိမ်လို့ အချိန်မျိုးမှာဆိုရင် သင်္ကန်းက မလုံလောက်ဘူး။ သင်္ကန်းရှာပါးတဲ့ခေတ်မှာ သင်္ကန်းသုံးထည်ပဲရှိကြတော့ မိုးတွင်းမှာလဲဖို့၊ ပြုဖို့ မလုံလောက်တဲ့အခါကျတော့ မိုးရေခံသင်္ကန်းဆိုတာ အပိုတစ်ထည် မြတ်စွာဘုရားက ခွင့်ပြုတယ်။

ဒါကိုပဲ ဝဿိက သာဋ္ဌိက ရေစိုခံသင်္ကန်း မိုးတွင်းမှာလဲဖို့အတွက် အပိုသင်္ကန်းတစ်ထည်လို့ ခေါ်တာ။ သင်္ကန်းရှာဖွေချုပ်ဖို့ မြတ်စွာဘုရားက အချိန်ပေးတာကတော့ ဝါကျွတ်တဲ့အချိန်မှာဆိုရင် ကထိန်သင်္ကန်းလို့ခေါ်တယ်။ အဲဒါလည်း မိုးအပြီးမှာ မိုးတွင်းက ပျက်စီးသွားတဲ့သင်္ကန်းကို ပြန်အစားထိုးဖို့အတွက်ပါ။ လူအများစု ရှာရှားပါးပါးနေရတဲ့ခေတ်ဖြစ်သည့် အလျောက် မြတ်စွာဘုရားက ရဟန်းတော်တွေကို မိုးရေခံသင်္ကန်းအတွက် အလှူခံထွက်တယ်ဆိုရင် မိုးရေခံသင်္ကန်းတစ်ထည်ပဲ ခွင့်ပြုတော်မူတယ်။ ကထိန်သင်္ကန်းလည်း တစ်ထည်ပဲ ခွင့်ပြုတယ်။ အခုတော့ အစုံလိုက်လှူကြတာပေါ့။ အခုခေတ်ကျမှ ဖြစ်ပေါ်လာတဲ့ ပြောင်းလဲမှုပါ။ အဝတ်အစား ပိုမိုပေါများတဲ့ လူမှုစီးပွားရေးပတ်ဝန်းကျင်ရဲ့ ထင်ဟပ်မှုတစ်ခုပါပဲ။ ဝိနည်းအရဆိုရင်တော့ အစုံလိုက်လှူတဲ့သင်္ကန်းက မိုးရေခံသင်္ကန်း မဟုတ်တော့ဘဲ ဝါဆိုသင်္ကန်းဖြစ်သွားပါတယ်။ ဝါဆိုသင်္ကန်းနှင့် မိုးရေခံသင်္ကန်းထူးခြားပုံကို ဆရာတော် အရှင်ပညာသီဟာဘိဝံသ (တရားဦးဓမ္မစကြာ) က သူ့ရဲ့ မိုးရေခံသင်္ကန်းနဲ့ ဝါဆိုသင်္ကန်းဆောင်းပါးမှာ ရှင်းပြထားပါတယ်။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက စာသင်တိုက်မှာဆိုရင် ဝါဆိုသင်္ကန်းရော၊ မိုးရေခံသင်္ကန်းရော မရှိပါဘူး။ စာသင်ကောင်းတဲ့ စာသင်တိုက်တွေမှာဆိုရင် သံဃာများတဲ့အခါကျတော့ သံဃာအပါး သုံး၊ လေးရာ တချို့ဆိုရင် တစ်ထောင် အထက် ကထိန်သင်္ကန်းအပါးစေ့လည်း မတတ်နိုင်ကြပါဘူး။ စာချုဘုန်းကြီးဖြစ်မှ ကထိန်သင်္ကန်းဒွိစုံ အပြည့်တစ်စုံ၊ ဝါဆိုသင်္ကန်းတစ်စုံရတာ။ ဆိုလိုတာက ပစ္စည်းရှားပါးမှုဆိုတာ ကမ္ဘာပေါ်မှာ အမြဲတမ်းရှိတယ်။ အခုတော့ အဝတ်အစားတွေ အလွန်ပေါတယ် ပြောတယ်။ ဘယ်လောက်အထိ၊ ဘယ်အချိန်အထိ ပေါနိုင်မှာတုံးဆိုတာ စဉ်းစားစရာပါ။ အဝတ်အစားတွေလုပ်ဖို့အတွက် လိုအပ်တဲ့ ကုန်ကြမ်းတွေ ဥပမာ သစ်ပင်ဆိုရင် အရင်ကထက် အများကြီး ပိုနည်းသွားပြီ။

လေယာဉ်စီးတဲ့အခါမှာ ရန်ကုန်မြို့ကို လေယာဉ်ပေါ်ကကြည့်ရင် ရန်ကုန်မြို့နားမှာရှိတဲ့ သစ်ပင်အရေအတွက်ဟာ ရန်ကုန်မြို့ထဲမှာရှိတဲ့လူတွေ အင်္ကျီအဝတ်အစားတွေလုပ်ဖို့အတွက် မလုံလောက်ပါဘူး။ အိမ်ဆောက်ဖို့ဆိုတာတော့ ဝေးရော။ အဲဒါကြောင့် ရန်ကုန်မြို့သူ မြို့သားတွေက တခြားနယ်တွေမှာရှိတဲ့ သစ်ပင်တွေကို သွားပြီးအသုံးပြုရတယ်။ ခပ်ကြမ်းကြမ်းပြောရင်တော့ ရွေးချယ်စရာမရှိလို့ exploit လုပ်ရတယ်။ အာဏာပိုရှိတဲ့လူ၊ ပိုက်ဆံပိုရှိတဲ့လူ၊ အသိဉာဏ်ပိုရှိတဲ့လူတွေက အဲဒီလိုပဲ တခြားနေရာက သယ်ဇာတတွေ သွားရောက်ရယူအသုံးပြုကြရတယ်။ ဥရောပတိုက်၊ အမေရိကတိုက်တို့က တခြားနိုင်ငံတွေကိုသွားပြီးတော့ အဲဒီလို exploit လုပ်တာ ကိုလိုနီလုပ်တယ်ခေါ်တယ်။ စစ်ရေးနဲ့ ကိုလိုနီလုပ်တာရှိတယ်၊ စီးပွားရေးနဲ့ ကိုလိုနီ လုပ်တာရှိတယ်၊ အဲဒီလိုနဲ့ သစ်ပင်တွေ၊ သယ်ဇာတတွေ ကုန်သွားတယ်။ အင်္ဂလန်နိုင်ငံက သူတို့ဟာသူတို့ သစ်ပင်တွေခုတ်ပြီးတော့ သစ်ပင်တွေပြန်းသွားတဲ့အချိန်မှာ ကပ်ဆိုက်တယ်။ သစ်ပင်မဲ့ရာကနေ မြေဆီလွှာပါပြန်းလာတော့ စိုက်ဖို့ပျိုးဖို့ ခက်ခဲသွားတာပေါ့။ သစ်ပင်မရှိဘူးဆိုရင် မြေသြဇာ၊ မြေဆီလွှာကလည်း ခဏလေးနဲ့ soil erosion မြေဆီလွှာတိုက်စားမှုဆိုတာ ဖြစ်တယ်။

> **“လူအများစု ရှာရှားပါးပါးနေရတဲ့ခေတ်ဖြစ်သည့်အလျောက် မြတ်စွာဘုရားက ရဟန်းတော်တွေကို မိုးရေခံသင်္ကန်းအတွက် အလှူခံထွက်တယ်ဆိုရင် မိုးရေခံသင်္ကန်းတစ်ထည်ပဲ ခွင့်ပြုတော်မူတယ်။ ကထိန်သင်္ကန်းလည်း တစ်ထည်ပဲ ခွင့်ပြုတယ်။ အခုတော့ အစုံလိုက် လှူကြတာပေါ့။ အခုခေတ်ကျမှ ဖြစ်ပေါ်လာတဲ့ ပြောင်းလဲမှုပါ။ အဝတ်အစားပိုမိုပေါများတဲ့ လူမှုစီးပွားရေးပတ်ဝန်းကျင်ရဲ့ ထင်ဟပ်မှုတစ်ခုပါပဲ။ ဝိနည်းအရဆိုရင်တော့ အစုံလိုက်လှူတဲ့သင်္ကန်းက မိုးရေခံသင်္ကန်း မဟုတ်တော့ဘဲ ဝါဆိုသင်္ကန်းဖြစ်သွားပါတယ်”**

အဲဒီ ငတ်မွတ်ခေါင်းပါးဘေးကြောင့် တခြားနိုင်ငံမှာ ပစ္စည်းဥစ္စာတွေ သွားရှာရင်းနဲ့ ဥရောပတိုက်သားတွေ ကိုလိုနီလုပ်ဖြစ်သွားတာ။ အခု တခြားတစ်နိုင်ငံမှာရှိတဲ့ ပစ္စည်းကို တခြားတစ်နိုင်ငံပို့ဖို့အတွက် သဘော်တွေ၊ လေယာဉ်တွေ၊ ကားအကြီးကြီးတွေ၊ ရထားတွဲအရှည်ကြီးတွေ လုပ်တယ်။ သယ်ဇာတ အသင့်အတင့် ကျန်နေပေမယ့် စီးပွားရေးအရ မွဲတေတဲ့နိုင်ငံတွေ အနိုင်ကျင့်ခံရတာပဲ။

ဒါနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးပြောချင်တာက မိုးရေခံသင်္ကန်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းတွေကို အကြောင်းပြုပြီးတော့ ဗုဒ္ဓတရားတော်က သင်ပေးတဲ့ စာသုံးသူ အသိဉာဏ်ပါ။ လူတိုင်း လူတိုင်းက စာသုံးသူတွေချည်းပဲ။ အစာစားရတယ်၊ မစားဘဲနဲ့မနေနိုင်ဘူး၊ ဒီခန္ဓာကိုယ်က ဝတ်ရတယ်၊ မဝတ်ဘဲမနေနိုင်ဘူး။ ရာသီဥတုဒဏ်တွေခံနိုင်အောင် နေစရာထိုင်စရာ ဆောက်ရတယ်။ အခြေခံလိုအပ်ချက်ပါပဲ။ အဲဒါကို စားဝတ်နေရေးလို့လည်း ခေါ်တယ်။ စားဖို့ရယ်၊ ဝတ်ဖို့ရယ်၊ နေဖို့ရယ် သုံးခုပါ။

နောက်တစ်ခုက ကျန်းမာရေး၊ နေမကောင်းဘူးဆိုရင် သုံးဖို့အတွက် ဆေးဝါးလိုအပ်တယ်။ အဲဒီလေးခုကို အလှူ၊ ဒကာရှုထောင့်ကနေပြီးတော့ ဘုန်းကြီးတွေကိုကြည့်ရင် ပစ္စည်းလေးပါးဆိုပြီးတော့ခေါ်တယ်။ ပစ္စည်းဆိုတာ အထောက်အပံ့ကိုပြောတာ၊ အထောက်အကူပြုတဲ့ ပစ္စည်းလေးမျိုးလို့ အဓိပ္ပာယ်ရတယ်။ အဲဒီပစ္စည်းလေးပါးကို လူတွေလည်း ကိုယ်တိုင်ရှာဖွေသုံးရပါတယ်။ ကိုယ်တိုင် စားစရာသောက်စရာ ဝယ်ပြီးတော့စားရတယ်။ နေစရာထိုင်စရာရှိအောင်လို့ တစ်ခါတည်း ကြိုးစားပိုက်ဆံရှာအိမ်ဆောက်ကြတယ်။ ဆေးဆိုလည်း အိမ်မှာရော ဆေးရုံ၊ ဆေးခန်းမှာပါရှိတယ်။ သံဃာတော်တွေရဲ့ပစ္စည်းလေးပါးကို လူတွေအသုံးပြုတာကျတော့ စားဝတ်နေရေး ကျန်းမာရေးဆိုပြီး ဝေါဟာရအသုံးအနှုန်းဖြစ်သွားတယ်။ အနှစ်သာရအတူတူပဲ။

ဗုဒ္ဓသာသနာ့ဘောင်မှာ ကိုရင်၊ ရဟန်းဝတ်တယ်၊ ဆရာလေးဝတ်တယ်ဆိုရင် ပထမဆုံးသင်ပေးတဲ့ သင်ခန်းစာကို ပစ္စဝက္ခဏာလေးပါးလို့ခေါ်တယ်။ ပစ္စဝက္ခဏာဆိုတာက ဆင်ခြင်မှုပါပဲ။ စဉ်းစားဆင်ခြင်ရမည့်အရာလေးမျိုး (၁) ဆွမ်းစားခါနီး (၂) သင်္ကန်းလဲဝတ်ခါနီး (၃) ကျောင်းကိုအသုံးပြုတဲ့ နေ့တိုင်းနေ့တိုင်း နေစရာထိုင်စရာ အသုံးပြုတိုင်း (၄) ဆေးပစ္စည်း အသုံးပြုတဲ့အခါတိုင်း ဆင်ခြင်ရတယ်။ နေ့စဉ်လုပ်ရပါတယ်။ ရည်ရွယ်ချက်ကတော့ စားသုံးသူတစ်ဦးရှိရမည့် အသိတရားပဲ။ ပစ္စည်းအသုံးပြုတဲ့နေရာမှာ၊ အစားအစာ စားသုံးတဲ့နေရာမှာ အသိဉာဏ်ရှိဖို့တဲ့။ လူတွေများ ဆယ်တန်းတွေအောင်၊ ဘွဲ့တွေရတယ်။ တချို့က Master တွေ၊ Ph.D တွေရတယ်။ ဒါပေမယ့် စားသုံးမှုဆိုင်ရာနဲ့ပတ်သက်ပြီး သူတို့မှာ အသိဉာဏ်မရှိဘူး။ လိုအပ်တာထက် ပိုသုံးတယ်။ သူတို့ပိုသုံးတဲ့အခါကျတော့ သစ်ပင်တွေပိုပြီးတော့ ပြုန်းတယ်။ နောင်လာနောက်သားတွေ အသုံးပြုဖို့အတွက် တချို့နေရာဆို မကျန်သလောက်ပါပဲ။

အခုမြန်မာနိုင်ငံမှာ အဝီစိတွင်း အတော်သုံးကြပါတယ်။ ဒါ မြေအောက်ရေကို အသုံးပြုနေတာ။ သူက အတိုင်းအတာမဲ့ မဟုတ်ပါဘူး။ ရေလည်း အတိုင်းအတာရှိတယ်။ ဘာဖြစ်လို့ မြေအောက်ရေကို သုံးတာတုံး။ မြေပေါ်ရေက ကုန်သလောက်ရှိနေပြီလေ။ ဒီအကြောင်းတွေကို သိပ္ပံပညာရှင်တွေရေးထားတာ အများကြီးရှိပါတယ်။ မြန်မာပြည်ရဲ့ရေအကြောင်းရေးထားတာ အချက်အလက်တွေလည်းရှိတယ်။ မြေအောက်ရေ အရင်းအမြစ်ကလည်း တစ်နှစ် တစ်နှစ်ကို ဘယ်လောက် လျော့သွားတယ်ဆိုတာ သိရှိကြပါတယ်။ ကိုယ်က အသစ်မဖြည့်ပေးနိုင်ဘူးဆိုရင်၊ ကောင်းကင်ပေါ်ကနေ ကျလာတဲ့ရေကို မြေအောက်ရောက်အောင် ကိုယ်လုပ်ပေးနိုင်တဲ့ နည်းတွေမရှိဘူးဆိုရင် မြေအောက်ကရေလည်း နည်းသွားမှာပေါ့။ တစ်နေ့ကျ ကုန်သွားမှာပေါ့။

ရှားပါးမှုသီအိုရီဆိုတာ စီးပွားရေးပညာရပ်မှာရှိတယ်။ အဲဒီရှားပါးတဲ့သီအိုရီကြောင့်မို့လို့ ရှိတဲ့ပစ္စည်းကို မျှဝေသုံးစွဲလုပ်နိုင်အောင်ဆိုပြီးတော့ တီထွင်ထားတဲ့ပညာကို စီးပွားရေးပညာခေါ်တာပဲ။ အင်္ဂလန်မှာ မိုးရေပဲသုံးတယ်။ မြေအောက်ရေကို မသုံးရသေးဘူး။ မြေပေါ်ရေ အပြည့် အစုံရှိတယ်။ ခရိုင်အလိုက် မိုးရေခံတဲ့နေရာတွေ လုပ်ထားတယ်။ အဲဒီဟာကိုပြန်ပြီးတော့ သန့်စင်မှုလုပ်တယ်။ အိမ်အထိ ပိုက်သွယ်ဖို့ပေးတဲ့ သောက်သုံးတဲ့ရေ၊ အိမ်တိုင်း အိမ်တိုင်း ပန်းပင်ရေလောင်းဖို့ရေ အဲဒီကနေလာတယ်။ မိုးရေကို လုံလောက်အောင် သိုလှောင်ထားကြတာ။ အဲဒီတော့ တကယ်လို့ မိုးတွင်းမှာ ရေကြီးပြီးတော့ နွေကျတော့ ရေခန်းနေတယ်ဆိုရင် ရေနဲ့ပတ်သက်ပြီးတော့ စားသုံးသူရဲ့ အသိဉာဏ်လိုနေပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက ပစ္စည်းတစ်ခုကို အသုံးပြုခါနီးမှာ အသုံးပြုတဲ့ရည်ရွယ်ချက်ကို အရင်တွေးပါတဲ့။ အဲဒါကိုပဲ ပစ္စဝက္ခဏာ ခေါ်တယ်။ သင်္ကန်းတို့၊ အဝတ်အစား တို့ဝတ်တယ်ဆိုရင် (၁) အအေး၊ အပူ ရာသီဥတုကာကွယ်ဖို့ အတွက် ဝတ်ပါတယ်၊ အိန္ဒိယနိုင်ငံနဲ့ အရှေ့အလယ်ပိုင်း ဒေသတို့လို ရာသီဥတုအရမ်းပူတဲ့နေရာဆိုရင် အဝတ် အစားကို ပိုပြီးတော့ခြုံတယ်၊ ယဉ်ကျေးမှုတောင် ဖြစ်သွားပါတယ်။ ချမ်းတဲ့နိုင်ငံကျတော့လည်း ခြုံရပြန် တယ်။ (၂) အကောင်သေးလေးတွေ ဥပမာ - မှတ်၊ ခြင်၊ ယင် တွေကို ကာကွယ်ဖို့အတွက်လည်း ဝတ်ရပါတယ်။ (၃) အရှက်ကာကွယ်ဖို့အတွက်လည်း ဝတ်ရပါတယ်။ အားလုံးပေါင်း ရည်ရွယ်ချက် သုံးခုပါ။

အဲဒီရည်ရွယ်ချက်သုံးခုနဲ့ ဝတ်တယ်ဆိုရင် ကိုယ့်အိမ်ဘေးနားကလူက ဘာတံဆိပ်ဝတ်တယ်ဆိုတဲ့ အတွေးအမြင် ကိုယ့်ခေါင်းထဲလာပြီးတော့ ဒုက္ခမပေးတော့ဘူး။ ဒါကို education of consumption လို့ပြောတာနော်။ နောက်ပြီးတော့ စားတဲ့နေရာမှာလည်း ဒီခန္ဓာကိုယ်က လိုအပ်ချက်ဖြည့်ပေးဖို့ပါ။ ဒီခန္ဓာကိုယ်ဗိုက်ဆာလို့ဖြစ်တတ်တဲ့ရောဂါဝေဒနာ၊ အာဟာရမပြည့်စုံလို့ ဖြစ်တတ်တဲ့ရောဂါဝေဒနာတွေကို ပယ်ဖျောက်ဖို့ အတွက် စားပါတယ်။ ဒီအသိနဲ့ဆိုရင် ဗီတာမင်၊ ပရိုတင်း၊ သံဓာတ်၊ ဂလူးကို့စ်၊ ဖိုင်ဘာစသည်ဖြင့် တွေးပြီး စားမှာပါ၊ အရသာနောက်ကို မလိုက်တော့ဘူး၊ မတည့်တာလည်း မစားဘူး။ ဘာအတွက် မစားတာတုံးဆိုတော့ ပျော်မြူးဖို့အတွက် မစားပါဘူး။ နောက်ပြီးတော့ မာန်မာနအတွက် မစားပါဘူး။ ဥပမာ-ဘယ်သူကတော့ ဈေးကြီးတဲ့ ဂျပန်ဆိုင်သွားစားပြီး ဖေစ်ဘွတ်ပေါ်တင်တယ်။ ကိုယ်က မခံချင်ဘူး သွားစားလိုက်ဦးမယ်ဆိုရင် ပြိုင်ဆိုင်မှုအတွက် စားတာ ဖြစ်သွားပြီ။ စားသောက်တဲ့ရည်ရွယ်ချက်က မမှန်တော့ဘူး။ အဲဒီမှာ စားသုံးသူရဲ့ education နည်းသွားပြီ။ ခန္ဓာကိုယ်က တည့်တာ၊ မတည့်တာ အပထား၊ ဟိုတက်လူက သွားစားတော့ ကိုယ်ကသွားစားမှ လူဝင်ဆံ့မယ်ဆိုတဲ့အမြင်က ကြီးစိုးလာတယ်။ အမြင် မမှန်လို့ စိတ်ဖိစီးမှု၊ လူမှုရေးဖိအား အလိုလိုပေါ်လာတယ်။

ဘယ်သူက ဘာတံဆိပ်ဝတ်လို့ ကိုယ်က ဘာဝတ်လိုက်မယ်ဆိုပြီး မခံချင်တဲ့အနေနဲ့ အဲဒီလိုစိတ်နဲ့ဝတ်ရင် ရည်ရွယ်ချက်က မမှန်တဲ့အတွက်ကြောင့်မို့လို့ ဝတ်တဲ့အဝတ်အစားက တစ်ကြိမ်ပဲခံပါတယ်။ တကယ်လို့ ရည်ရွယ်ချက်ကို ဗုဒ္ဓမြတ်စွာဘုရားမိန့်တဲ့အတိုင်း ရာသီဥတုအနေး၊ အပူ ရာသီဥတုကာကွယ်ဖို့၊ နောက် ခြင်တွေ ပိုးကောင်အသေးလေးတွေ ကာကွယ်ဖို့၊ အရှက်ကာကွယ်ဖို့ ဝတ်ပါတယ်ဆိုရင် အဝတ်အစားတစ်စုံက သူအကြာကြီး ဝတ်လို့ရတယ်။ ရည်ရွယ်ချက်ကွာတာနဲ့ ကိုယ်ရဲ့အပြုအမူကလည်း ကွာသွားတယ်။ အဲဒီရည်ရွယ်ချက်အမှန်ကို သမ္မာသင်္ကပ္ပ လို့ခေါ်တယ်။ လူလောကပြဿနာနားလည်ပြီး ရလာတဲ့အတွေးအခေါ်မှန်တဲ့ ရည်ရွယ်ချက်က မဂ္ဂင်္ဂရှစ်ပါးထဲမှာပါတယ်။ အဲဒီ သမ္မာသင်္ကပ္ပ နောက်မှာ လိုက်လာတာက အပြုအမူ သီလပါပဲ။ အဲဒီ အပြုအမူက အဖျက်သဘောဆန်မှု ဖြစ်သလား၊ ဒါမှမဟုတ် အပြုသဘောဆန်သလားဆိုပြီး အမြင်မှန်ကနေ အပြုအမူမှန်ဖြစ်အောင် နေထိုင်ခြင်းပါ။

စာမျက်နှာ ၈ သို့

✪ စာမျက်နှာ ၇ မှ

ဒါကြောင့်မို့လို့ မိုးရေခဲသင်္ကန်း၊ ဝါဆိုသင်္ကန်းဆက်ကပ်တဲ့နေရာမှာရော ကထိန်သင်္ကန်းဆက်ကပ်တဲ့နေရာမှာပါ ဆရာဒကာအားလုံး စားသုံးသူများဖြစ်သည့် အလျောက် ကျယ်ကျယ်ပြန့်ပြန့်တွေးရမှာ ဖြစ်ပါတယ်။ မြတ်စွာဘုရားက အလှူဒါနလုပ်ဖို့အတွက် တစ်ခုတည်း ဟောထားတာ မဟုတ်ဘူး။ စားသုံးသူတစ်ယောက်အနေနဲ့ ဘယ်လိုအသိဉာဏ်တွေနဲ့ ပြည့်စုံရမယ်ဆိုတာကိုလည်း ဝါဆို၊ ကထိန်သင်္ကန်း ခွင့်ပြုရင်းနဲ့ ဟောထားတယ်။ ဒီအသိဉာဏ်တွေရှိတယ်ဆိုရင် ဘုန်းကြီးတို့က သစ်ပင်ခုတ်ဖို့အတွက် စက်တွေရှိပေမယ့် အကုန်မခုတ်ဘူး။ ဘာဖြစ်လို့တုံးဆိုတော့ နောင်လာနောက်သားတွေအတွက် တွေးလို့ အတ္တဆန်ဆန်စိတ်တွေ သိပ်မဖြစ်တော့ဘူး။ မြေအောက်မှာရှိတဲ့ သယံဇာတတွေ အခုခေတ်မှာ အကုန်လုံးသုံးပစ်ပြီး နောင်လာနောက်သားတွေအတွက် မထားတော့ဘူးဆိုရင် ကိုယ်ကျိုးအတော်ဆန်တဲ့ခေတ် ဖြစ်သွားမယ်။

Education of consumption အိုင်ကျူ အီးကျူ အသိဉာဏ်မြင့်မားစွာ စားသုံးနည်းကို စားသုံးသူတစ်ယောက်ရဲ့ ရည်ရွယ်ချက်တစ်ခုအနေနဲ့ စိတ်ထဲမှာ မှတ်ထားပြီးတော့ အသုံးပြုတိုင်း အသုံးပြုတိုင်း ကိုယ့်ဟာကိုယ် တစ်မိနစ်၊ နှစ်မိနစ် အချိန်ပေးပြီးတော့ ငါ ဘာကြောင့် ထမင်းစားတယ်၊ ဘာကြောင့်အဝတ်အစား ဝတ်ရတယ်၊ ဘာကြောင့် အိမ်မှာနေရတယ်၊ ဘာကြောင့် ကျောင်းမှာနေရတယ်၊ ဘာကြောင့် ကားအသုံးပြုရတယ် ဆိုတာတွေ သတိလေးကပ်ပြီးတော့ ဆင်ခြင်မိရင် ကိုယ့်မှာရှိတဲ့ ပစ္စည်းဥစ္စာတွေက အကုန်လုံး လုံလုံလောက်လောက်ရှိနေတာကို တွေ့ကြရမယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ လက်တွေ့ကျတဲ့ရည်ရွယ်ချက်တွေကိုမေ့ပြီး ပြိုင်ဆိုင်ဖို့၊ လူ့အဆင့်အတန်းမြင့်ကြောင်း အသိအမှတ်ပြုခံရဖို့ဆိုပြီး ရည်ရွယ်ချက်အသစ်နဲ့ အစားထိုးရင်တော့ စားသုံးမှုပြုတိုင်း စိတ်က စိတ်ခံစားမှုအတက်၊ အကျ အလွယ်တကူဖြစ်နိုင်တယ်။ ဖြစ်လည်း ဖြစ်တယ်။

ကိုယ့်ထက်သာတဲ့လူနဲ့တွေ့ရင် အားငယ်စိတ်၊ သိမ်ငယ်စိတ်ဖြစ်လိုက်၊ ကိုယ့်လောက်အဆင်မပြေတဲ့လူနဲ့ တွေ့တဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် ပြန်သာယာလိုက် mood swing တွေ အမြဲတမ်းဖြစ်နေမယ်။ ကိုယ့်လောက် မတော်တဲ့လူကိုကြည့်ပြီးတော့ စိတ်ချမ်းသာတယ် ဆိုတာက ကိုယ့်လောက်မတော်တဲ့လူတွေဆီမှာ ကိုယ့်ရဲ့ ပျော်ရွှင်မှုသော့ချက်ကို အပ်ထားတာနဲ့တူတယ်။ အဲဒီလို ဆင်းရဲတဲ့လူမျိုးနဲ့တွေ့တဲ့အခါကျတော့ ကိုယ်စိတ်ချမ်းသာတယ်။ ဒါကြောင့် ကိုယ့်လောက်မတော်တဲ့လူကို အမြဲတမ်းလိုက်ရှာနေရတယ်။ ကိုယ့်ထက်တော်တဲ့လူနဲ့ သွားတွေ့ပြန်တော့ စိတ်ထဲမှာ အတော်ကိုခံစားရပြန်တယ်။ ကိုယ့်မှာရှိတဲ့ဟာ မလုံလောက်သလို insufficient ဖြစ်တယ်လို့ ခံစားရတယ်။ ဘာဖြစ်လို့ စိတ်က ဒီလိုဖြစ်နေတာတုံး၊ စားသုံးသူရဲ့ အသိဉာဏ်မရှိလို့ပါ။

စားသုံးသူရဲ့မှန်ကန်လက်တွေ့ကျတဲ့ အသိဉာဏ်ရှိရင် ရှိတဲ့စားစရာသောက်စရာတွေ၊ အဝတ်အစားတွေ၊ နေစရာထိုင်စရာတွေ အကုန်လုံးပြည့်စုံပါတယ်။ ဒါကြောင့် ဝါဆိုသင်္ကန်း ဆက်ကပ်တဲ့အခါမှာ education of consumption သတိရကြဖို့ အရေးကြီးတယ်။ သတိရပြီး ကိုယ့်ဟာကိုယ် ဒီလိုမှန်ကန်ပြီး လက်တွေ့ကျတဲ့ ရည်ရွယ်ချက်တွေနဲ့နေတဲ့ပုဂ္ဂိုလ်က လောကကြီးကိုလည်းပဲ အကျိုးပြုပြီးသားပုဂ္ဂိုလ်ဖြစ်ပါတယ်။ နှစ်ပေါင်းတာရှည်စွာ တိုင်းပြည်အကျိုးပြုတဲ့ပုဂ္ဂိုလ်တွေ ဖြစ်သွားပါတယ်။

မြတ်စွာဘုရားက ဝါဆိုနဲ့ ကထိန်သင်္ကန်း ရှာဖွေအလှူခံ လှူဒါန်းဖို့ အချိန်တစ်လစီပဲ ခွင့်ပြုထားတယ်။ ပြီးတော့ တစ်ထည်စီပဲ ခွင့်ပြုတော်မူတယ်။ သင်္ကန်းဆိုဒ်ကိုလည်း သတ်မှတ်ထားတော်မူတယ်။ ဝါဆိုသင်္ကန်းဆိုရင် အလျား လေးတောင်၊ အနံ နှစ်တောင်ခွဲတဲ့။ ပစ္စည်းရှားပါးတဲ့သီအိုရီကို ကရုဏာများစွာ၊ အသိဉာဏ်မြင့်မားစွာနဲ့ သင်ပြ၊ ကိုယ်ကိုယ်တိုင်လည်း နမူနာ လုပ်ပြသွားတော်မူပါတယ်။ ဝါဆိုသင်္ကန်း အကြီးကြီးချုပ်လုပ်ကြတဲ့ ဆဗ္ဗဂ္ဂီရဟန်းတွေကို ရွှတ်ချဆုံးမတော်မူသည့် ဗုဒ္ဓရဲ့ဥပမာကိုသတိရပြီး စားသုံးသူ အသိဉာဏ် ပညာရေးမြင့်မားအောင် ဆောင်ရွက်ကြစို့။ ကရုဏာအသိနဲ့ မှုဝေသုံးစွဲမှုရဲ့အဒိန္နာဒါန သိက္ခာပုဒ်အတွက် အရေးပါပုံ၊ လူမှုလောက တရားမျှတမှုအတွက် အရေးကြီးပုံတွေကို ဝါဆိုသင်္ကန်းအစဉ်အလာ အစရှိတဲ့ ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းတွေထဲမှာ ဗုဒ္ဓလူမှုရေးဒဿနရှုထောင့်ကနေ သုံးသပ်ပြီး မဂ္ဂင်ရှစ်ပါးကို မျက်ခြည်မပြတ်တဲ့ အလှူမျိုးဖြစ်စေဖို့ တိုက်တွန်းပါတယ်။

အားလုံး ကျန်းမာ ချမ်းသာကြပါစေ။ ။



ဇူလိုင် ၁၆ ရက် (ဝါဆိုလပြည့်နေ့)က ရန်ကုန်မြို့ အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ဘုရားဖူးလာသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်ဝင်းတင်

‘လက်ထပ်ပါရစေ’ ရုပ်ရှင်ကို ဇူလိုင် ၂၅ ရက်တွင် ရုံတင်ပြသမည်

ရန်ကုန် ဇူလိုင် ၁၆

‘လက်ထပ်ပါရစေ’ အချစ်ဇာတ်မြူး ရုပ်ရှင်ကားကို ဇူလိုင် ၂၅ ရက်တွင် တစ်နိုင်ငံလုံး ရုံတင်ပြသမည်ဖြစ်ကြောင်း Junction City (JCGV) ရုပ်ရှင်ရုံတွင် ယမန်နေ့ညပိုင်းက ပြသသည့် အထူးပွဲမှ သိရသည်။

‘လက်ထပ်ပါရစေ’ ဇာတ်ကားကို ဒါရိုက်တာ အရုဏ်ဦး၊ ပွင့်သိင်္ဂော်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း မိုးနီလွင်တို့က သရုပ်ဖော်ထားကာ သရုပ်ဆောင်သစ်များ ဖြစ်ကြသည့် ခါရာ၊ ထွန်းကိုကို၊ အားဝေတို့က အဓိက သရုပ်ဆောင်ထားပြီး အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းန၊ ရာဇာနေဝင်းနှင့် လူငယ်သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည်။

“ဝါရင့်သရုပ်ဆောင် ကိုရန်လေးနဲ့ မမေသန်းနုတို့က Marry Me က ဇာတ်ကား တစ်ကားလုံး Plot တွေ လုံးဝဟာမသွားဘူး။ အချိတ်အဆက်မိပြီး ရယ်နေရတယ်။ ဒီဇာတ်ကားက Romantic Comedy ဇာတ်ကားစစ်စစ်ပါဟု အထူးပွဲကြည့်ရှုအားပေးသည့် ဒေါက်တာကိုမိုးဇော်အောင်က ပြောသည်။

သန့်ဇင်ဝင်း

❍ ရန်ကုန်တိုင်းဒေသကြီးမှ

ပြီးစီးမည်ဖြစ်ပြီး လိုအပ်သည့်သောက်သုံးရေ အပြည့်အဝပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သောက်သုံးရေအပြည့်အဝ ပေးနိုင်ရေး ဆောင်ရွက်ရာတွင် ရေရရှိရေး ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်ဆောင်ရွက်နေသကဲ့သို့ လက်ရှိရေပေးဝေရေးစနစ်တွင် ရေလေလွင့်ပျောက်ဆုံးမှုများ လျော့နည်းသွားရန် နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“နိုင်ငံတကာမှာ ရေလေလွင့်ဆုံးရှုံးမှုက ၂ ဒသမ ၅ သန်း၊ ၂ ဒသမ ၆ သန်း၊ အများဆုံး သုံးရာခိုင်နှုန်းလောက် ရှိပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့မှာတော့ ရေပေးဝေမှုမှာ ရေဆုံးရှုံးမှုပမာဏက ၄၀ / ၄၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။ အဲဒီလို ဆုံးရှုံးရတာလည်း နည်းလမ်းနှစ်ခု ရှိပါတယ်။ အခွန်အခ ရေဖိုးရေခ အပြည့်အဝမရတဲ့အပိုင်းမှာ ဆုံးရှုံးတာရှိသလို ပိုက်အဆက်တွေ မကောင်းတဲ့အတွက်ကြောင့် ဆုံးရှုံးတာရှိတယ်။ တချို့ပိုက်အဆက်ကောင်းသော်လည်း အိမ်တွေကနေပြီးတော့ ရေဖွင့်ထားမယ်၊ ဒီအချိန်မှာ အပေါ်က ပြည့်နေပြီ၊ ရေကို မပိတ်မိတဲ့အတွက်ကြောင့်လည်း ရေဆုံးရှုံးမှု ပမာဏတွေများလာတယ်။ ရေမီတာကလည်း အပြည့်အဝမတပ်နိုင်သေးတော့ နိုင်ငံခြားတိုင်းပြည်မှာလို ရေကို သုံးရင် သုံးသလောက် ရေမီတာပေါ်မှာ ဆောင်ရတဲ့စနစ် တဖြည်းဖြည်းတော့ ပြောင်းလဲနေပါပြီ”ဟု ဦးသန်းက ထပ်မံပြောကြားသည်။

ရန်ကုန်မြို့တွင် လက်ရှိ လူဦးရေ ၅ ဒသမ ၂ သန်း ရှိပြီး ၂၀၄၀ ပြည့်နှစ်တွင် လူဦးရေမှာ ၁၀ သန်းကျော်ရှိလာနိုင်ကာ မီဂါစီးတီးဖြစ်လာနိုင်သောကြောင့် ရေအပြည့်အဝပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ငြိမ်းငြိမ်း

ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမှ လျော့နည်းသက်သာစေရေးအတွက် ဒေသအလိုက် အုပ်ချုပ်မှုဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်သင့်သည့်နည်းလမ်းများ (အကြံပြုချက်များ)

(၁) ဒေသတွင်း ရေကြီး၊ ရေလျှံမှုဖြစ်ရခြင်း၏ အကြောင်းရင်းကို လေ့လာရှာဖွေခြင်း၊ သုံးသပ်ခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း၊

(၂) လူနေရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် ရေနုတ်မြောင်းများကို ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(၃) မြစ်ကြောင်းများအတွင်း ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသော သဲသောင်ခုံများ တူးဖော်ခြင်း၊

(၄) မြစ်ကမ်းဘေးတစ်လျှောက် ရေထိန်းနံရံများ ပြုလုပ်ခြင်း၊

(၅) တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း၊

(၆) မြစ်ကမ်းပါးများတွင် မြေလွှာထိန်းသစ်ပင်များ စိုက်ပျိုးခြင်း၊

(၇) မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်သည့် သစ်ပင်များ၊ သီးနှံပင်များစိုက်ပျိုးခြင်း၊

(၈) ဆည်၊ တာတမံများ ပြင်ဆင်ခြင်းနှင့် အားဖြည့်ခြင်းအတွက် လိုအပ်သော အရေးပေါ်ပစ္စည်းကိရိယာများ (သဲအိတ်၊ ရေစုပ်စက်၊ ပေါက်တူးပေါက်ပြား၊ ဝါး အစရှိသည်များ) ကြိုတင်သိုလှောင်စုပုံခြင်း၊

(၉) မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်၊ တာတမံကြီးများ ရေလက်ခံနိုင်စွမ်းမရှိပါက ရေလွှတ်ထုတ်ရသည့်အခါ လူနေအိမ်ခြေများ ရေလျှမ်းမိုးနိုင်မှုအတွက် ကြိုတင်သတိပေးစနစ်များ တပ်ဆင်ထားခြင်းနှင့် အချက်ပြစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်လာပါက ဆည်အောက်ဘက်နေ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများပြားနိုင်ကြောင်း ပိုမိုသတိပြု၍ သက်ဆိုင်ရာဌာနများ ၊ အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၁) နှစ်စဉ်ရေကြီး ရေလျှံမှုဖြစ်ပေါ်လေ့ရှိသည့်နေရာများမှ ပြည်သူလူထုကို ဘေးလွတ်ကင်းရာ နေရာများတွင် ပြောင်းရွှေ့နေရာချထားပေးနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ခြင်း၊

(၁၂) ရေဘေးဖြစ်ပွားနိုင်သည့် ဒေသတွင် အရေးပေါ်လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းများ ကြိုတင်ရွေးချယ်သတ်မှတ်ထားခြင်း၊

(၁၃) မြစ်၊ ချောင်းများတစ်လျှောက် နေထိုင်သူများ၊ ရေဘေးအန္တရာယ်ရှိ ဒေသနေပြည်သူများအနေဖြင့် အိမ်တိုင်းတွင် လေ့ငယ်များ၊ ဖောင်များ၊ အသက်ကယ်ဗောင်းများ အဆင်သင့်ရှိစေခြင်း၊ ဖြစ်နိုင်ပါက အန္တရာယ်ကျရောက်နိုင်ဆုံးသော မိသားစုများအတွက် Life Jacket များ ဝေငှထားခြင်း၊

(၁၄) ရပ်ကွက်၊ ကျေးရွာများ၊ စာသင်ကျောင်းများတွင် ရေဘေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်း၊

(၁၅) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြိုတင်သတိပေးမည့် အစီအစဉ်များ ဆောင်ရွက်ထားခြင်း၊

(၁၆) အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများသိရှိစေရေး ဆောင်ရွက်ထားခြင်း၊

(၁၇) ရေဘေးအန္တရာယ်တုံ့ပြန်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

(၁၀) ဆည်၊ တာတမံများအနီးရှိ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများအတွက် အရေးပေါ်တုံ့ပြန်ရေး အထူးစီမံချက်များ ရေးဆွဲထားရှိခြင်း၊

☆ ကျောဖုံမှ

ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ လင်းလက်အသင်းက ၁၂ ဂိုး-၁၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ပထမဆုရ GV Athletic အသင်းက ဆုကြေးငွေကျပ်သိန်း ၃၀၊ ချန်ပီယံဆုဖလားနှင့် တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ AKS (A) အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၂၀၊ တတိယဆုရ လင်းလက်အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆုရ JZM (A) အသင်းက ဆုကြေးငွေကျပ်ငါးသိန်းတို့ရရှိခဲ့ပြီး အကောင်းဆုံးပိုးသမားဆုကို ညီညီသန် (GA Athletic)၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို သန့်ဇင်ထွန်း (AKS)နှင့် အသန့်ရှင်းဆုံး အသင်းဆုကို GV Athletic အသင်းတို့ ရရှိခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ဆုရအသင်းများနှင့် ဆုရကစားသမားများကို ပေးအပ်ချီးမြှင့်သည်။

ရှိုင်းထက်ဇော်

ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့နှင့် အနီးဝန်းကျင်ရှိ ဘုရားပုထိုးစေတီများ၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကား

မန္တလေး ဇူလိုင် ၁၆

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည်နှင့်အညီ ယနေ့တွင် မန္တလေးမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူအပေါင်းတို့သည် နံနက်အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းလောင်းလှူဒါန်းခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။



ဒါနကုသိုလ်ကောင်းမှုပြု

ထိုပြင် မြို့ရွာအနှံ့ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်းခံဖွယ်ဘောဇဉ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြခြင်း၊ သံဃာတော်များက သီလပေးတရားတော်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူခြင်းစသည့် ဒါနကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မန္တလေးမြို့၏ အထင်ကရဖြစ်သော မဟာမုနိရုပ်ရှင်တော်မြတ်အား ယနေ့နံနက် ၄ နာရီက ရေတော်ဆရာတော်ဘဒ္ဒန္တဥက္ကဋ္ဌအရှင်သူမြတ် အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း၊ ဝါဆိုပန်း ကပ်လှူပူဇော်ကြသည်။ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူပြည်သူ အပေါင်းတို့ကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ငါးလွှတ်ခြင်း၊ အစာတရားဘာဝနာအားထုတ်သူများ၊ ဘာသာရေး၊ လူမှုရေး ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ခြင်းတို့ကို အဖွဲ့လိုက်၊ မိသားစုလိုက်၊ အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ပြုကြခြင်းဖြင့် စည်ကားလျက်ရှိသည်။

ဒါတဗွဝတ္ထုပစ္စည်းများ လောင်းလှူ

ယနေ့နံနက် ၆ နာရီတွင် မန္တလေးမြို့ လမ်း(၈၀)ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းရှေ့တွင် ဂေါပကအဖွဲ့၏ ဦးဆောင်မှုဖြင့် အလှူရှင်များစုပေါင်း၍ မစိုးရိမ်ကျောင်းတိုက်မှ သံဃာတော် အပါး ၂၅၀ တို့ကို ဆွမ်း၊ စာရေးတံ၊ ဆွမ်းဆန်တော်နှင့် ဒါတဗွဝတ္ထုပစ္စည်းများ လောင်းလှူကုသိုလ်ပြုကြသည်။

အလားတူ နံနက် ၈ နာရီတွင်လည်း မန္တလေး ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများစုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်းဥပုသ်သီလဆောက်တည်မှုကို မန္တလေးတက္ကသိုလ် မမွာရုံတွင်ကျင်းပရာ ကြွရောက်လာသော ပရိသတ်များက စဉ့်ကိုင်မြို့မေတ္တာစွမ်းရည် ရွှေသိမ်တော် ဆရာတော် အရှင်စန္ဒိမာထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆရာတော်အား ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

ထိုပြင် အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်ဖို့မြို့နယ်နေ မောင်သော်ဇင်ထွဋ်က “ကျွန်တော့်သူငယ်ချင်းမွေးနေ့ဖြစ်လို့ လည်ပတ်ကြတာပါ။ ရုပ်ရှင်လည်းကြည့်ခဲ့ပြီးပြီ။ မြန်မာပလာဇာကအပြန် အင်းလျားကိုဝင်တာပါ။ ဒီနေရာက ကန်ရေပြင်ကြီးကလာတဲ့ သန့်ရှင်းလတ်ဆတ်တဲ့လေကိုရှူရတာ စိတ်ထဲမှာ ကြည်လင်လန်းဆန်းသွားသလို ခံစားရတယ်။ စိတ်ထဲမှာ ကြည်နူးပျော်ရွှင်နေတယ်။ နောက်ထပ် ပန်းခြံတစ်ခုခုကို သွားလည်ဖို့ရှိပါတယ်”ဟု ပြောသည်။

အလားတူ ယနေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ ရုပ်ရှင်ရုံများ၊ အပန်းဖြေနေရာများနှင့် ကလေးကစားကွင်းများနှင့်အတူ စျေးဝယ်စင်တာကြီးများတွင်လည်း စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဖေဖော်

ကျွန်းခြင်းများအပြင် ဥပုသ်သီတင်းသီလဆောက်တည်၍ တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ အောင်တော်မူဆုတောင်းပြည့်ဘုရား၊ ချမ်းသာကြီး

ဝါဆိုလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ပန်းခြံများနှင့် အပန်းဖြေနေရာများတွင် အပန်းဖြေနားနေသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၆

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)ဖြစ်သည့် အားလျော်စွာ အများပြည်သူရုံးပိတ်ရက်ဖြစ်သည့်အတွက် ရန်ကုန်မြို့ရှိ အထင်ကရ ပန်းခြံများနှင့် အပန်းဖြေလည်ပတ်စရာနေရာများတွင် လာရောက်လည်ပတ်အပန်းဖြေသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



စိတ်ဖိစီးမှုတွေလျော့

ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံသို့ လာရောက်လည်ပတ်သည့် ဒလမြို့နယ်မှ ဦးဇင်မင်းထွဋ်က “အခါကြီးရက်ကြီးမှာ သားသမီးတွေကို ပျော်ရွှင်စေချင်လို့ လိုက်ပို့ပေးတာပါ။ ကျွန်တော်တို့ ရုပ်ရှင်ကြည့်ကြတယ်။ ဘုရားဖူးတယ်။ အခုပန်းခြံမှာ ကလေးတွေကို ဆော့ကစားခိုင်းတာပါ။ ဒီပန်းခြံကိုရောက်တော့ လေကောင်းလေသန့်ရပြီး လွပ်လပ်မှုတွေရှိသွားသလို ခံစားရတယ်။ မိသားစုနဲ့ အပန်းဖြေတာဆိုတော့ စိတ်ဖိစီးမှုတွေ လျော့သွားမယ်။ နောက်နေ့ လုပ်ငန်းမှာ အင်အားတွေနဲ့ အသစ်ပြန်လည်စတင်နိုင်မယ်လို့ ထင်ပါတယ်”ဟု ပြောသည်။

ထို့အတူ ရန်ကုန်မြို့၏ အထင်ကရ ပန်းခြံများနှင့် အပန်းဖြေနေရာများဖြစ်သည့် ကန်တော်ကြီးပန်းခြံ၊ သခင်မြပန်းခြံ၊ ပြည်သူ့ဥယျာဉ်၊ ဦးဥတ္တမပန်းခြံ၊ မင်္ဂလာဒုံပန်းခြံ၊ မြို့ငြိဟေဝန်ပန်းခြံ(ရှစ်မိုင်လမ်းဆုံ)၊ မြကျွန်း သာ၊ အင်းလျားကန်ပေါင်(ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း)၊ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်တို့အပါအဝင် အခြားသောပန်းခြံများတွင်လည်း လာရောက်လည်ပတ် အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အပန်းဖြေစရာ နေရာကျယ်ကျယ်ဝန်းဝန်းလေးတွေလို

ကန်တော်ကြီးပန်းခြံသို့ လာရောက်လည်ပတ်သည့် ဒလမြို့နယ်မှ ကိုဇော်မင်းထိုက်က “လပြည့်နေ့လည်းဖြစ်တယ်။ အားလပ်ရက်လည်းဖြစ်လို့ သူငယ်ချင်းတွေနဲ့အတူ ဘုရားလာဖူးရင်းနဲ့ လာရောက်အပန်းဖြေတာပါ။ လမ်းပေါင်းစုံ၊ နေရာပေါင်းစုံမှာ လူတွေပြည့်ကျပ်နေတာပဲ။ တိရစ္ဆာန်ဥယျာဉ်နဲ့ ဒီပန်းခြံမှာလည်း တော်တော်စည်တယ်။ ပြည်သူတွေ အနားယူအပန်းဖြေဖို့ကောင်းအောင် တော်တော်လေးပြင်ဆင်ထားတာ တွေ့ရတယ်။ ကျွန်တော်တို့က အမြဲတမ်း လူပ်ရှားရုန်းကန်နေရတာဆိုတော့ ဒီလိုနားရက်လေးမှာ အပန်းဖြေရတာ တကယ်စိတ်ကြည်နူးဖို့ကောင်းပါတယ်။ ဒီလို အပန်းဖြေစရာနေရာကျယ်ကျယ်ဝန်းဝန်းလေးတွေ လိုနေခဲ့တာကြာပါပြီ”ဟု ပြောသည်။

ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်လည်ပတ်သည့် မြောင်မြို့နယ် ဇီးကျွန်းကျေးရွာမှ အဘွား ဒေါ်စိန်ရှိက “သမီးတွေ့၊ တူမတွေနဲ့အတူ ဘုရားဖူးလာတာပါ။ ရွှေတိဂုံဘုရားဖူးပြီးအပြန် တိရစ္ဆာန်ဥယျာဉ်ကို ဝင်ရောက်လည်ပတ်တာပါ။ အရင်တုန်းကလည်း ရောက်ဖူးပါတယ်။ ဒီတစ်ခါတော့ အခါကြီးရက်ကြီးဆိုတော့ လူတော်တော်စည်တယ်”ဟု ပြောသည်။

စည်ကား

ရန်ကုန်မြို့နေပြည်သူများအတွက် အပန်းဖြေအနားယူ၊ အထင်ကရနေရာဖြစ်သည့် လှိုင်မြို့ရှိ အင်းလျားကန်ပေါင်တွင်လည်း ဇူလိုင် မိုးဖွဲများကျနေသည့်ကြားမှပင် အပန်းဖြေသူများ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားခဲ့သည်။

အင်းလျားကန်ပေါင်သို့ လာရောက်လည်ပတ်သူ မြောက်ဥက္ကလာပ

ရုံးပိတ်ရက်များတွင် အပန်းဖြေရုပ်ရှင်ကြည့်ရှုသူ ပရိသတ်များ ပိုမိုများပြား

မိုးကာလဖြစ်သော်လည်း စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအတွင်း ရန်ကုန်မြို့၌ ရုပ်ရှင်ကြည့်ပရိသတ်များဖြင့် အပတ်စဉ် စည်ကားများပြားနေသည့် ရုပ်ရှင်ရုံများကို ဖြတ်သွားဖြတ်လာ တွေ့မြင်နေရသည်။ အလားတူ ဇူလိုင် ၁၆ ရက် (၀၈ဆိုလပြည့်နေ့) သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့်အတွက် ချစ်သူ၊ ခင်သူ၊ သူငယ်ချင်း၊ မိတ်ဆွေ၊ မိသားစုများနှင့် ရန်ကုန်မြို့အတွင်းရှိ သမ္မတ ၊ သွင်၊ မင်္ဂလာ ရှေ့ဆောင်၊ နေပြည်တော်၊ မင်္ဂလာစီနီမာ (တာမွေ၊ ဘုရင့်နောင်၊ စံပြ၊ ဂမုန်းပွင့်၊ တာမွေ၊ မြောက်ဥက္ကလာ၊ စိန်ဂေဟာ၊ တောင်ဒဂုံ)၊ မီဂါအေ့စ် (ရွှေဝဟိုဂ်)၊ JCGV Junction City၊ နဝဒေးအပါအဝင် ရုပ်ရှင်ရုံများ၌ စိတ်အပန်းဖြေရန် လာရောက်ကြည့်ရှုကြသည့် ရုပ်ရှင်ကြည့် ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ရုပ်ရှင်ကြည့်ပရိသတ်များ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

သတင်း - ဝင်းမိမိ
ဓာတ်ပုံ- ရဲထွဋ်



သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ပရိသတ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ဦးသက်လှိုင်စိုး
(မန်နေဂျာ-သမ္မတရုပ်ရှင်ရုံ)

ခေတ်က Online ခေတ်ဖြစ်နေတော့ ရုပ်ရှင်ကားတစ်ကား ကောင်းမကောင်းဆိုတာ သိနေကြပြီးတော့ လာရောက်ကြည့်ရှုသူက များတယ်။ အခု သီတင်းပတ်မှာ ဆိုရင် ချာလီဘရုပ်ရှင်က လူဝင်နှန်းများပါတယ်။ လက်မှတ်ဈေးနှုန်းကတော့ မြန်မာကားပြတဲ့ သရီးဒီ၊ တူးဒီနိုင်ငံခြားကားပြတဲ့ရုံတွေနဲ့ ဈေးနှုန်းအနည်းငယ် ပြောင်းလဲမှုရှိပါတယ်။ ကျွန်တော်တို့ရုံမှာ လက်ရှိရောင်းချနေတဲ့ ဈေးနှုန်းက အောက်ထပ်မှာ ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၃၀၀၀၊ အပေါ်ထပ်ဆိုရင် ၃၅၀၀၊ ၄၀၀၀၊ ၆၀၀၀ အစရှိသည်ဖြင့် သတ်မှတ်ထားပါတယ်။ လက်မှတ် ရောင်းချမှုကတော့ OnLine နဲ့ ရောင်းတဲ့ရုံတွေလည်း ရှိတယ်။ ကျွန်တော်တို့ သမ္မတရုံက Manual နဲ့ ရောင်းတဲ့ရုံပါ။ ရုံမှာ ခုံပေါင်း ၈၀၀ ကျော်၊ ၉၀၀ နီးပါးရှိပါတယ်။ လက်မှတ်တွေကို ယနေ့ ပြသမယ့်ပွဲစဉ်တွေအပါအဝင် မနက် ၉ နာရီကနေ ည ၉ နာရီအထိ ရောင်းပေးတယ်။ ဇာတ်ကားတစ်ကား ပြတော့ မယ်ဆိုရင် ကြိုတင်လက်မှတ်တွေကို တစ်ပတ်ကြိုတင် ရောင်းပေးပါတယ်။ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအနဲ့အသက်နဲ့ သန့်ရှင်းရေးကို အလေးထားပြီး ဆောင်ရွက်ထားပါတယ်။ နေထူး နေမြတ်တွေ၊ အများပြည်သူ ရုံးပိတ်ရက်တွေမှာ အခြားနေ့တွေထက် လာရောက်ကြည့်ရှုတဲ့သူများပါတယ်။

ဒေါ်မြင့်သူဇော
ဒဂုံ(တောင်ပိုင်း)
ဈေးရောင်း

ဒီကနေ့က ရုံးပိတ်ရက်လည်းဖြစ်တော့ ဈေးဆိုင်ပိတ်ပြီး မိသားစုနဲ့အတူ စိတ်အပန်းဖြေဖို့အတွက် ရန်ကုန်မြို့ထဲလည်ပတ်ပြီး ရုပ်ရှင်ဝင်ကြည့်တာပါ။ ရုပ်ရှင်မကြည့်ဖြစ်တာလည်း နှစ်အတော်ကြာပြီ၊ သရုပ်ဆောင် မြင့်မြတ်မှာဆိုရင် လာကြည့်ကြတဲ့ ပရိသတ်တွေကို ပုံမှန်ထက် ဝန်ဆောင်မှုတွေ အထူးဂရုစိုက် လုပ်ထားပေးပါတယ်။ ဒီလိုရုံးပိတ်ရက်မျိုးဆိုရင် ညပိုင်း ရုပ်ရှင်ဇာတ်ကား ပြတဲ့အချိန် ထပ်တိုးပြီး ၉ နာရီနောက်ပိုင်း ပြပေးတာတွေရှိပါတယ်။ လက်မှတ်ကို ကြိုဝယ်ထားရင် ပိုအဆင်ပြေပါတယ်။ အခုပြတဲ့ ဇာတ်ကားတွေက မြန်မာဇာတ်ကားဆိုရင် ဒဏ္ဍာရီမိုးရွိမယ်။ နိုင်ငံခြား ဇာတ်ကားဆိုရင် Spider Man၊ Crawl ဇာတ်ကားနဲ့ လူစိတ်ဝင်စားတဲ့ တခြားဇာတ်ကားတွေ ပြနေပါတယ်။ တစ်နေ့ကို ပွဲခုနစ်ငါးကြိမ်ပြသပေးတယ်၊ ညပိုင်း နောက်ကျတော့ ပွဲတစ်ပွဲလောက်ပဲ ပြပေးတယ်။



ဦးဇင်မင်းအောင်



ဦးသက်လှိုင်စိုး



ဒေါ်ဌေးဌေးနိုင်



ဒေါ်မြင့်သူဇော



ဦးကျော်ဇင်မိုး



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံတွင် ရုပ်ရှင်ကြည့်ပရိသတ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ဦးဇင်မင်းအောင်
ဇာထိုး၊ ပန်းထိုးစက်ရုံ
မင်္ဂလာဒုံမြို့နယ်

ကျွန်တော်က ဒီသမ္မတရုပ်ရှင်ရုံမှာ ချာလီဘ ရုပ်ရှင်ဇာတ်ကားကို လာကြည့်တာပါ။ အလုပ်ပိတ်ရက်အဆောင်မှာ နေရတာပျင်းနေတော့ သူငယ်ချင်းကလည်း ဘုရားသွားမယ်၊ ရုပ်ရှင်ကြည့်မယ်ပြောတာနဲ့ အခုလို လာဖြစ်တာပါ။ သမ္မတရုံမှာ ပထမဆုံးကြည့်ဖြစ်တာပါ။ လူများပေမယ့် လက်မှတ်ဝယ်တဲ့နေရာမှာ အဆင်ပြေတယ်။ သူငယ်ချင်းတွေနဲ့ အိမ်ကနေ နံနက် ၇ နာရီခွဲ ကတည်းက ထွက်လာတာပါ။ တခြားသူတွေကိုလည်း ပိတ်ရက်မှာ ကျွန်တော်တို့လိုပဲ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းစေချင်ပါတယ်။

ဒေါ်ဌေးဌေးနိုင်
တာမွေမြို့နယ်

မနက်က သူငယ်ချင်းနဲ့ ဗိုလ်တထောင် ဘုရားကိုသွားပြီး ဘုရားဖူးခဲ့တယ်။ အခုက မင်္ဂလာရုပ်ရှင်ရုံမှာ စိန်ဂေဟိလီမယောက်ျား ဇာတ်ကားကြည့်ဖို့ လက်မှတ်လာဝယ်တာပါ။ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် အားတဲ့အချိန်ကိုညှိပြီး ညနေပိုင်းမှာ ကြည့်ဖို့ဖြစ်ပါတယ်။ ငယ်ငယ်ကတည်းကနေ အခုအထိ ဒီရုပ်ရှင်ရုံမှာပဲ ကြည့်ဖြစ်တယ်။ ရုပ်ရှင်ကို သူငယ်ချင်းနဲ့ မကြာခဏလာကြည့်ဖြစ်တယ်။ ရုပ်ရှင်ရုံတွေက အခုဆိုရင် အဆင့်အတန်း မြင့်လာကြတယ်။ အခုလို ကျွန်မတို့ သူငယ်ချင်းနှစ်ယောက် အားတဲ့အချိန်မှာ စိတ်အပန်းဖြေတဲ့အခါ အဆင့်မြင့်တဲ့ ရုပ်ရှင်ရုံမှာ ကောင်းကောင်းမွန်မွန်လေး ရုပ်ရှင်ကြည့်ရတာကိုလည်း ကျေးဇူးတင်ပါတယ်။

ဦးကျော်ဇင်မိုး
မန်နေဂျာ
Mega Ace Shwe Baho

အများပြည်သူ ရုံးပိတ်ရက်ဖြစ်တော့ ဒီနေ့မှာ ရုပ်ရှင်လာကြည့်တဲ့သူပိုများတယ်။ ဒီနေ့ဆို ရုံပြည့်တယ်။ ဒီအပတ်မှာ ဒဏ္ဍာရီမိုးရယ်၊ Crawl ဇာတ်ကားရယ် ပြတာပါ။ မနက် ၁၀ နာရီကစပြီး အချိန်ပိုင်းခြားအလိုက် တစ်နေ့ကို ငါးပွဲပြတယ်။ ကျွန်တော်တို့ ရုပ်ရှင်ရုံအနေနဲ့ ရုပ်ရှင်ကြည့်ပရိသတ်ကို ဦးစားပေးတဲ့ ဝန်ဆောင်မှု လုပ်တယ်။ ဒီရုံမှာ ရုပ်ရှင်ဇာတ်ကားကို အများဆုံး တစ်ပတ်ရုံတင်ပြသပြီး လူကြိုက်များလို့ တောင်းဆိုတဲ့ ဇာတ်ကားတွေဆိုရင် နှစ်ပတ်လောက် ရုံတင်ပြသပါတယ်။

ယခုသီတင်းပတ် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အတွင်း ရုံတင်ပြသလျက်ရှိတဲ့ ရုပ်ရှင်ကားတွေက ချာလီဘ၊ စိန်ဂေါ်လီမယောက်ျား၊ သတိအန္တရာယ်ရှိသည်၊ အနန္တ၊ ဒဏ္ဍာရီမိုး၊ Spider Man၊ Crawl ၊ Annabelle Comes Home ရုပ်ရှင်ကားများ ဖြစ်သည်။

ယခင်က ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသမှုကို သောကြာနေ့တွင်သာ အသစ် လဲလှယ်ပြသော်လည်း ၂၀၁၉ ခုနှစ် ဇူလိုင်မှ စတင်ကာ ကြာသပတေးနေ့တိုင်း ဇာတ်ကားသစ်များ လဲလှယ်ပြသလျက်ရှိကြောင်း သိရသည်။

ရုပ်ရှင်ပွဲချိန်များမှာ အကြမ်းဖျင်း အားဖြင့် နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ည ၆ နာရီခွဲ၊ ည ၉ နာရီခွဲ တစ်နေ့လျှင် ငါးပွဲနှုန်းပြသလျက်ရှိသည်။ အချို့ရုပ်ရှင်ရုံများသည် ရုပ်ရှင်ပြသမှုမှာ အချိန်အနည်းငယ် ကွာဟမှုရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ရုပ်ရှင်ရုံပေါင်း ၁၄၂ ရုံ၊ ရုပ်ရှင်ပိတ်ကား ၁၆၃ ကား ရှိပြီး ရန်ကုန်မြို့အတွင်း ရုပ်ရှင်ရုံ ၆၂ ရုံ၊ ပိတ်ကား ၇၅ ခုအထိ ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

ဦးသူရလင်း (ကျောင်းဆရာ)
မင်္ဂလာတောင်ညွန့်မြို့နယ်

ဒီနေ့မနက်ပိုင်းမှာ ရွှေတိဂုံဘုရားကိုသွားဖူးတယ်။ အခု Junction City မှာ Crawl ရုပ်ရှင်ဇာတ်ကားကို သူငယ်ချင်း ကိုးယောက်နဲ့လာကြည့်ဖြစ်တာပါ။ ပိတ်ရက်မှာ အခုလို ဆုံးပွဲတွေဆိုရင် ည ၉ နာရီခွဲ၊ ၉ နာရီ ၅၀ လောက်အထိ ပြပေးတယ်။ လပြည့်နေ့ဆိုရင် ဘုရားနဲနီးတဲ့အတွက် ရုပ်ရှင်ကြည့်ပရိသတ်တွေ ပိုများပါတယ်။

ဦးသူရဇော်
Shift Manager
JCGV Junction City

ကျွန်တော်တို့အနေနဲ့ ပုံမှန်ရက်တွေမှာလည်း အထူးဝန်ဆောင်မှုတွေ ပေးပါတယ်။ အခုလို ပိတ်ရက်မျိုးတွေ နဲ့ဖြစ်စေ လာရောက်ဝယ်ယူတဲ့အခါ လက်ခံဆောင်ရွက်ပေးပါတယ်။ ဖုန်းနဲ့ ဘွတ်ကင်တင်ထားတဲ့ ကြိုတင်လက်မှတ်တွေကိုကျတော့ ပွဲချိန်မပြသမီ ၄၅ မိနစ်အထိ စောင့်ပါတယ်။ လာရောက်ဝယ်ယူခြင်းမရှိတဲ့ တယ်လီဖုန်း ဘွတ်ကင်လက်မှတ်တွေကို ၄၅ မိနစ်အလိုအထိ မရောက်ခဲ့ဘူးဆိုရင် ပယ်ဖျက်ပြီးတော့ အခြားသူတွေ ကို ပြန်လည်ရောင်းချပါတယ်။ ရုပ်ရှင်ရုံကို လာရောက်ကြည့်ရှုသူတွေကို စိတ်ချမ်းသာ အဆင်ပြေမှုရှိအောင် ကိုလည်း သဘောကျတာကြောင့် ချာလီဘကားကို လာကြည့်တာပါ။ လက်မှတ်လည်းအလွယ်တကူ ဝယ်လို့ ရရှိတာမို့ ရုပ်ရှင်ကြည့်ရတာ အဆင်ပြေပါတယ်။ ညနေကျရင် ရွှေတိဂုံ ဘုရားသွားဖူးဖို့ စိတ်ကူးထားတယ်။

ရုံးပိတ်ရက်တွင် နေပြည်တော်တစ်ဝန်း အပန်းဖြေကြသူများဖြင့်စည်ကားလျက်ရှိ

မင်းမင်းဇော်(သတင်းစဉ်)
ဓာတ်ပုံ - ထိန်နန်နော်

နေပြည်တော် ဇူလိုင် ၁၆

ခရစ်နှစ် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၆ ရက် (မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်နေ့) သည် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်နှင့်အညီ တရားဝင်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သည့်အတွက် နေပြည်တော်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ ကျောင်းကန်များ၌ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းများ ကပ်လှူပူဇော်သူ၊ တရားဘာဝနာ ကျင့်ကြံအားထုတ်သူ၊ ဒါနပြုကုသိုလ်ယူ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အပန်းဖြေနားနေရာများ၌လည်း အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ အပန်းဖြေနေရာများဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ လေ့ခွင်းတောင် အစရှိသည့်နေရာများနှင့် စျေးဝယ်စင်တာများ၊ ရုပ်ရှင်ရုံများတွင် ဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

"ဒီနေ့ဟာ နေထူးနေမြတ်ဖြစ်တဲ့အတွက် ကျွန်တော်တာဝန်ယူရတဲ့ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်အပန်းဖြေကြရင်း တိရစ္ဆာန်တွေကို အစာကျွေး ကုသိုလ်ကောင်းမှုပြုကြတဲ့ ပြည်သူတွေကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒီဥယျာဉ်ကြီးထဲမှာ တိရစ္ဆာန်တွေကို အတတ်နိုင်ဆုံး လွတ်လပ်စွာထားတဲ့အတွက် နိုင်ငံခြားသားတွေလည်း စိတ်ဝင်တစားလာရောက်လည်ပတ်အပန်းဖြေကြပါတယ်။ ပြည်တွင်းက လာရောက်အပန်းဖြေကြတဲ့သူတွေက အများဆုံးဖြစ်ပါတယ်။ ဆာဖာရီတိရစ္ဆာန်ဥယျာဉ်နဲ့လည်း တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ဥယျာဉ်ကြီးတွေ ဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် လာရောက်လည်ပတ်တဲ့သူတွေ စိတ်ချမ်းသာမှုရအောင်၊ အပန်းဖြေတာပိုပြီး အဓိပ္ပာယ်ရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီလိုနေမျိုးတွေမှာဆိုရင် ဆင်လိမ္မာပြပွဲတွေ၊ ဆင်ကပွဲတွေ အထူးစီစဉ်ထားပါတယ်။ လာရောက်အပန်းဖြေလှည့်ပါလို့ ဖိတ်ခေါ်ချင်ပါတယ်" ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုးက ရှင်းပြသည်။

အဆိုပါ တိရစ္ဆာန်ဥယျာဉ်အတွင်း ဆင်ကပွဲကြည့်ရှုနေသည့် တပ်ကုန်းမြို့သား ကိုဘိုစောမင်းက "ဝါဆိုလပြည့်နေ့မှာ မိသားစုလာရောက်အပန်းဖြေကြတာပါ။ ဒီတိရစ္ဆာန်ဥယျာဉ်ကို လာရောက်အပန်းဖြေကြည့်စေချင်ပါတယ်။ တိရစ္ဆာန်တွေကို အစာကျွေးရင်း ကုသိုလ်ကောင်းမှုတွေပြုနိုင်ပါတယ်" ဟု ဆိုသည်။

"ကျွန်တော်နဲ့ ကျွန်တော့်မိသားစုက ဒီတိရစ္ဆာန်ဥယျာဉ်ကို တစ်ခါမှမရောက်ဖူးသေးပါဘူး။ နေပြည်တော်ရဲ့ အပန်းဖြေနေရာတွေထဲက တစ်ခုဖြစ်တဲ့ ဒီတိရစ္ဆာန်ဥယျာဉ်ကို လာရောက်အပန်းဖြေရတာ ကျေနပ်စရာပါ။ ကလေးတွေလည်း ပျော်၊ လူကြီးတွေလည်း ပျော်နေကြပါတယ်။ မရောက်ဖူးတဲ့သူတွေကိုလည်း လာရောက်အပန်းဖြေစေချင်ပါတယ်" ဟု တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ကလေးကစားကွင်း၌ အပန်းဖြေလျက်ရှိသည် ဦးမောင်မြင့်က ပြောသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌လည်း လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။

"တကယ်တော့ ဒီဥယျာဉ်ကို လာရောက်လေ့လာသင့်တယ်ဗျ။ တိုင်းရင်းသားညီအစ်ကိုဒေသတွေရဲ့အင်္ဂအသက်တွေကိုခံစားရတယ်။ သာယာလှပတဲ့ ရှုခင်းတွေကို ကြည့်ရှုရင်း စိတ်နှလုံးကြည်နူးရတယ်။ ပိတ်ရက်လည်းဖြစ်တဲ့အတွက် သူငယ်ချင်းတွေစုပြီး လာရောက် အပန်းဖြေနားနေကြတာဖြစ်ပါတယ်။ ဥယျာဉ်ထဲမှာ လူတွေအများကြီးလေ့လာနေကြတာတွေ့ရတဲ့အတွက် ပျော်စရာလည်းဖြစ်ပါတယ်" ဟု တပ်ကုန်းမြို့နယ် ကင်းသာရွာမှ မောင်ချစ် က ၎င်း၏ကြည်နူးပျော်ရွှင်မှုများကို မျှဝေသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)မှ လက်ထောက်မန်နေဂျာ ဒေါ်မေသော်ဝင်းထိန်က "ဥယျာဉ်ထဲမှာ တိုင်းရင်းသားရိုးရာအိမ်တွေ၊ ရိုးရာစားသောက်ဆိုင်တွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ထင်ရှားတဲ့ပြက္ခဒိန်တွေ၊ ကလေးကစားကွင်းတွေနဲ့ အခြားလေ့လာနားနေစရာတွေက စုံလင်လှပါတယ်။ အခါကြီးရက်ကြီးတွေမှာ ဥယျာဉ်ကို လာရောက်အပန်းဖြေတဲ့သူတွေများပြားပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ မြဝတီအနုပညာအဖွဲ့တွေရဲ့ဖျော်ဖြေတင်ဆက်မှုတွေလည်းရှိပါတယ်။ အပန်းဖြေရေး၊ စားသောက်ရေးနဲ့ သွားလာရေးတွေအတွက် အားလုံးအဆင်ပြေအောင် စီမံဆောင်ရွက်ထားပါတယ်။ ဒီဥယျာဉ်ကို ကိုယ်တိုင်လာရောက်အပန်းဖြေကြည့်မှ အပန်းဖြေခြင်းရဲ့ အရသာကို ပိုမိုခံစားနိုင်မယ်လို့ ဆိုချင်ပါတယ်" ဟု ပြောသည်။

နေပြည်တော်ရောက်လျှင် မလည်မဖြစ်သွားရောက်လည်ပတ်ကြသည့် လေ့ခွင်းတောင် ပေါင်းလောင်းအပန်းဖြေစခန်း၌လည်း ယနေ့တွင် လာရောက်အပန်းဖြေကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ဦးမြင့်လှိုင်က "ဝါဆိုလပြည့်နေ့မှာ ကျွန်တော်တို့မိသားစုတွေ နေပြည်တော်သွားမယ်ဆိုပြီး ရန်ကုန်ကနေ လာခဲ့ကြတာပါ။ ဘုရားတွေစုံအောင်ဖူးခဲ့ပြီး ဒီပေါင်းလောင်းအပန်းဖြေစခန်းမှာ အနားယူကြမယ်ဆိုပြီး လာခဲ့ကြတာပါ။ ဒီရောက်တော့ မိသားစုတွေ ပျော်ပျော်ရွှင်ရွှင်နားနေကြပါတယ်။ ပျော်တယ်ဗျ။ ဒေသန္တရဈေဟုသုတလည်း ရပါတယ်" ဟု ပြောသည်။

နေပြည်တော် ရှိ စျေးဝယ်စင်တာများ ဖြစ်ကြသည့် Junction၊ Capital၊ စိန်ဒေါင်းနှင့် Ocean တို့တွင်လည်း စျေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဝန်ထမ်းတစ်ဦးဖြစ်သည့် မအေးသောင်းက "ဒီနေ့ဝါဆိုလပြည့်နေ့ဖြစ်တဲ့အတွက် ဘုရားတွေမှာ ကုသိုလ်ပြုနိုင်ဖို့ လှူဒါန်းဖွယ်ရာပစ္စည်းတွေ လာဝယ်တာပါ။ စျေးဝယ်သူတွေများနေတဲ့အတွက် ငွေရှင်းကောင်တာမှာ တော်တော်ကြာအောင် စောင့်နေခဲ့ရတယ်။ ဒီလိုအခါကြီးရက်ကြီးလည်းဖြစ်၊ ရုံးပိတ်ရက်လည်းဖြစ်တဲ့အတွက် အခြားစင်တာတွေမှာ ကျွန်မသူငယ်ချင်းတွေ စျေးသွားဝယ်နေကြပါတယ်" ဟု ပြောသည်။

နေပြည်တော် အောင်သပြေရုပ်ရှင်ရုံ၌လည်း ရုပ်ရှင်ကြည့်ရင်း အပန်းဖြေအနားယူကြသည့် ဝန်ထမ်းများနှင့် ပြည်သူများ စည်ကားလျက်ရှိသည်။

"ဝါဆိုလပြည့်နေ့က အများပြည်သူပိတ်ရက်ဆိုတော့ ရုပ်ရှင်လက်မှတ်တွေကို ကြိုတင်မှာယူကြတာများတယ်။ တချို့က ဒီနေ့ကိုပဲ ရုပ်ရှင်ကြည့်ချင်တဲ့သူတွေက ရှိနေတယ်။ ဒီနေ့ပြသတဲ့ ပွဲစဉ်တိုင်း ရုပ်ရှင်ချစ်ပရိသတ်က ရုံပြည့်ရုံလုံဖြစ်နေပါတယ်။ ဆိုလိုချင်တာက ဒီနေ့မှာ ရုပ်ရှင်ကြည့်ရင်း အပန်းဖြေတဲ့သူများတယ်လို့ ပြောချင်တာပါ။ ကျွန်မတို့ ရုပ်ရှင်ရုံမှာ အားပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု နေပြည်တော် သပြေကုန်းအောင်သပြေရုပ်ရှင်ရုံဝန်ထမ်း ဒေါ်စိုးမိုးသူက ပြောသည်။



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်လည်ပတ်သူများကို တွေ့ရစဉ်။



မောင်ချစ်



ဒေါ်စိုးမိုးသူ



ဦးပြည့်စုံမျိုး



ဦးမောင်မြင့်



ဒေါ်မေသော်ဝင်းထိန်



နေပြည်တော် သပြေကုန်းရှိ အောင်သပြေရုပ်ရှင်ရုံတွင် လာရောက်အပန်းဖြေကြသည့် ရုပ်ရှင်ကြည့်ပရိသတ်များ။



နေပြည်တော် ရေပန်းဥယျာဉ်တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကား။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အင်အားပြင်းငလျင်လှုပ်၊ အဆောက်အအုံများစွာ ပျက်စီး



ဂျကာတာ ဇူလိုင် ၁၆

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဇူလိုင် ၁၆ ရက် နံနက်အစောပိုင်းက ပြင်းအား ၆ ဒသမ သုည မဂ္ဂနီကျူအဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့ရာ လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အမြောက်အများပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နောက်ဆုံးရရှိသော သတင်းများအရ ဘာလီကျွန်းရှိ ဘာဒေါင်းဒေသတွင် လူငါးဦးနှင့် ဂျန်ဘာဂျာနာဒေသတွင် လူနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ၎င်းတို့အားလုံးမှာ ဘာလီကျွန်းသားများဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ လုပ်ငန်းဆိုင်ရာဌာနအကြီးအကဲက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

မြေငလျင်လှုပ်နေစဉ်အတွင်း နိုင်ငံခြားသား ခရီးသွားများသည် ဟိုတယ်များအတွင်းမှ အလျင်အမြန် ထွက်ခွာကြပြီး ပြည်သူများမှာလည်း နေအိမ်အဆောက်အအုံများ ပြင်ပသို့ ထွက်လာကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းမြေငလျင်လှုပ်မှုအတွင်း ဝတ်ကျောင်းများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များ၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံနှင့် စျေးဆိုင်တစ်ဆိုင်အပါအဝင် အဆောက်အအုံ ၄၄ လုံး ပျက်စီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဘာလီကျွန်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်မှာမူ မြေငလျင်လှုပ်မှုကြောင့် အနောင့်အယှက်ဖြစ်ပွားမှုမရှိဘဲ ဘာလီကျွန်းရှိ နေ့စဉ်လုပ်ဆောင်မှုလုပ်ငန်းများမှာ နောက်ပိုင်းတွင် ပုံမှန်အတိုင်း ဆက်လက်လုပ်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းမြေငလျင်လှုပ်ခတ်မှုကို ဘာလီကျွန်းအနီးရှိ အရှေ့ဂျာဗားကျွန်း၌လည်း ခံစားရပြီး အဆောက်အအုံ ၁၃ လုံး ပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန ပြောရေးဆိုခွင့်ရှိသူ အေးဂူစ်ဝီဘိုကိုက ပြောကြားသည်။

အဆိုပါငလျင်သည် ဂျကာတာစံတော်ချိန် ဇူလိုင် ၁၆ ရက် နံနက် ၇ နာရီ ၁၈ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်၏ဗဟိုချက်မှာ နျူဆာဒူဝါကျွန်း၏ အနောက်တောင်ဘက် ၈၃ ကီလိုမီတာအကွာရှိ ပင်လယ်ကြမ်းပြင်အောက်အနက် ၆၈ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား မိုးလေဝသနှင့် ဘူမိဗေဒအေဂျင်စီ၏ အကြီးအကဲ ဝါယူကီမိရာဝန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **ဆင်ဟွာ**

အိန္ဒိယ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူများ ရေကြီးရေလျှံမှုများနှင့် ရင်ဆိုင်နေရ



နယူးဒေလီ ဇူလိုင် ၁၆

အိန္ဒိယ၊ နီပေါနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် လူ ၁၀၀ ကျော် သေဆုံးခဲ့သည်။

တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လေးထပ်တိုက်အဆောက်အအုံတစ်ခု၏ အောက်ခြေပိုင်းပျက်စီးကာ ပြိုကျခဲ့သည်။ လူ ၁၄ ဦးသေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဘီဟာပြည်နယ်အရှေ့ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်များတွင် မြစ်ရေမြင့်တက်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိပြီး လမ်းမများနှင့် လူနေအိမ်များ ရေလွှမ်းမိုးလျက်ရှိသည်။

နီပေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၆၀ ကျော် ရှိလာခဲ့ပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ရေကြီးရေလျှံမှုများကြောင့် လမ်းများပိတ်ဆို့လျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခက်ခဲမှုများနှင့်ရင်ဆိုင်နေရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ပြည်သူထောင်ပေါင်းများစွာ ရေဘေးဒုက္ခနှင့်ရင်ဆိုင်နေရသည်။ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

ကုန်ပစ္စည်းတင်သွင်းမှု ပိတ်ပင်ခြင်းအပေါ် တောင်ကိုရီးယားက ပြတ်သားစွာတုံ့ပြန်မည်



ဆိုးလ် ဇူလိုင် ၁၆

တောင်ကိုရီးယားနိုင်ငံသို့ ဂျပန်နိုင်ငံ၏ ကုန်ပစ္စည်းတင်သွင်းမှု ပိတ်ပင်ခြင်းနှင့် ပတ်သက်ပြီး တောင်ကိုရီးယားအစိုးရအနေဖြင့် ပြတ်သားစွာလုပ်ဆောင်သွားမည်ဖြစ်သည်ဟု တောင်ကိုရီးယားအဆင့်မြင့် အရာရှိတစ်ဦးက ယနေ့ပြောကြားခဲ့သည်။

လျှပ်ကာပစ္စည်းများ ထုတ်လုပ်ရာတွင် လိုအပ်သည့် နည်းပညာဖြင့် အဓိကပစ္စည်းများ တင်သွင်းမှုကို ဂျပန်က ဇူလိုင်၄ ရက်တွင် ပိတ်ပင်ခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး တောင်ကိုရီးယားအမျိုးသားလုံခြုံရေးဆိုင်ရာ ရုံးအကြီးအကဲ ချွန်ဆီယွမ်က အာဏာရပါတီ လွှတ်တော်အမတ်များနှင့် ဇူလိုင် ၁၆ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးအကြီးအကဲ ချွန်ဆီယွမ်က တောင်ကိုရီးယားနိုင်ငံသို့ ကုန်ပစ္စည်းတင်သွင်းမှုကို ဂျပန်အစိုးရက ပိတ်ပင်ခြင်းသည် ၁၉၆၅ ခုနှစ်ကတည်းက စတင်ထူထောင်ခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးကို အမှန်တကယ် ထိခိုက်စေပါကြောင်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံက ထပ်မံလုပ်ဆောင်ဖွယ်ရှိသော ကိစ္စရပ်များအပေါ် တောင်ကိုရီးယားအနေဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း အာဏာရပါတီ လွှတ်တော်အမတ်များက ဆိုသည်။

ဂျပန်နိုင်ငံက တင်သွင်းမှုကို ရပ်ဆိုင်းခဲ့သည့် ပစ္စည်းများကို တောင်ကိုရီးယားပြည်တွင်း၌သာ ထုတ်လုပ်နိုင်ရေးအတွက် ငွေကြေးသုံးစွဲမှုချမှတ်ပေးရန် ပါလီမန်၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းလျက်ရှိသည်ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ဇူလိုင် ၁၁ ရက်တွင် ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

အာဖဂန်နစ္စတန်တောင်ပိုင်း၌ မြေမြှုပ်မိုင်းပေါက်ကွဲ

ကဘူး ဇူလိုင် ၁၆

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးခုနစ်ဦးအပါအဝင် လူ ၁၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများသည် ဘုရားဖူးခရီးသည်များဖြစ်ပြီး ဇူလိုင် ၁၅ ရက်က ကန်ဒါဟာပြည်နယ်တွင်း၌ ဘာသာရေးဆိုင်ရာ ဗိမာန်တစ်ခုသို့ သွားရောက်ရာတွင် ၎င်းတို့ စီးနင်းလာသည့် မော်တော်ယာဉ်များ မြေမြှုပ်မိုင်းပေါက်ကွဲထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းမြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် လူ ၃၃ ဦး ပြင်းထန်စွာဒဏ်ရာရခဲ့ပြီး ၎င်းတို့အထဲတွင် ကလေး ၂၂ ဦး ပါဝင်သည်။ လတ်တလောတွင် မည်သည့်အဖွဲ့အစည်းကမျှ မြေမြှုပ်မိုင်းပေါက်ကွဲမှု၌ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အာဖဂန်နစ္စတန်နိုင်ငံတွင် ယမန်နှစ်က မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သည့် လက်နက်အစိတ်အပိုင်းများကြောင့် လူပေါင်း ၁၄၀၀ ကျော် သေဆုံး သို့မဟုတ် ဒဏ်ရာရခဲ့ကြောင်း ကုလသမဂ္ဂ မိုင်းရှင်းလင်းရေးလုပ်ငန်းအဖွဲ့က ပြောကြားသည်။

ယင်းအရေအတွက်မှာ အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၁၂ ခုနှစ်အတွင်း မြေမြှုပ်မိုင်းထိမှန်သူ ဦးရေ၏ သုံးဆဖြစ်ကြောင်းနှင့် မြေမြှုပ်မိုင်း သို့မဟုတ် မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းများ ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူ ဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ကလေးများဖြစ်ကြောင်း ယင်းအဖွဲ့က ဆက်လက်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

အမေရိကန်က မီးနှင့်ကစားနေဟု အီရန်နိုင်ငံခြားရေးဝန်ကြီး သတိပေး

တီဟီရန် ဇူလိုင် ၁၆

တီဟီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံစလုံးမှာ လိပ်ခဲတည်းလည်းအခြေအနေ ရောက်ရှိနေသည်ဆိုသော သမ္မတ ဒေါ်နယ်ထရန့်၏ မှတ်ချက်စကားကြောင့် အမေရိကန်နိုင်ငံက "မီးနှင့်ကစားနေသည်" ဟုအီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗတ်ဇာရစ်ဖ်က သတိပေးလိုက်သည်။

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က အီရန်၏နျူကလီးယား အစီအစဉ်ကို ဟန့်တားရန်ရည်ရွယ်ကာ နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်မှ နုတ်ထွက်ခဲ့ပြီး တီဟီရန်အပေါ် အရေးယူမှုများ ပြုလုပ်ခဲ့သည်။ ထို့နောက်ပိုင်း နှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်လာခဲ့ပြီး အီရန်က အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းကို ပစ်ချခဲ့ကာ အမေရိကန်ကလည်း နောက်ဆုံးမိနစ်ရောက်မှ အီရန်အပေါ် လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်မည့် အစီအစဉ်ကို ရုပ်သိမ်းခဲ့သည်။ "အမေရိကန်က မီးနှင့်ကစားနေတယ်လို့ ကျွန်တော် ထင်ပါတယ်" ဟု ဇာရစ်ဖ်က NBC News သို့ ပြောကြားခဲ့သည်။ နျူကလီးယားသဘောတူညီချက်က သတ်မှတ်ထားသည့် ကန့်သတ်ချက်ထက်ကျော်လွန်၍ နျူကလီးယားသန့်စင်မှုကို လုပ်ဆောင်ခဲ့ကြောင်း ပြီးခဲ့သည့် သီတင်းပတ်တွင် အီရန်က ကြေညာခဲ့သည်။

"ကျွန်တော်တို့ နျူကလီးယားလက်နက်တွေ ထုတ်လုပ်ဖို့မဟုတ်ပါဘူး။ ကျွန်တော်တို့ နျူကလီးယားလက်နက် ထုတ်လုပ်ချင်ရင် ထုတ်လုပ်နိုင်စွမ်းရှိတာကြာပါပြီ" ဟု ၎င်းကပြောသည်။ ဇာရစ်ဖ်၏ မှတ်ချက်စကားများမှာ ကုလသမဂ္ဂသို့လာရောက်မည့် ခရီးစဉ်တစ်ခုအတွင်း ၎င်း၏ လှုပ်ရှားမှုများကို ကန့်သတ်မှုများ ပြုလုပ်ရန် အမေရိကန်နိုင်ငံက သတ်မှတ်ခဲ့ချိန်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံက ဇာရစ်ဖ်အတွက် ဗီဇာထုတ်ပေးခဲ့သော်လည်း မန်ဟတ်တန်မြို့လယ်ရှိ အီရန်နိုင်ငံ၏ ကုလသမဂ္ဂမစ်ရှင်ရုံးမှလွဲ၍ သွားလာခွင့်ပြုမည်မဟုတ်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွမ်ပီယိုကပြောသည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်သည် ဇူလိုင် ၁၇ ရက်တွင် ကုလသမဂ္ဂ စီးပွားရေးနှင့် လုံခြုံရေးကောင်စီ၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။



အီရန်နိုင်ငံပြင်ပတွင် မည်သည့်ပစ္စည်းမျှမပိုင်ဆိုင်သဖြင့် အရေးယူမှုများက သူ့ကိုထိခိုက်စေမည်မဟုတ်ဟု ဇာရစ်ဖ်က နယူးယောက်တိုင်းမ်သတင်းစာနှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ

ဘာသာပြန်-ကျော်ထိုက်စိုး



မွမ်ဘိုင်းမြို့၌ အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွားနှစ်ဦး သေဆုံး၊ ၄၀ ကျော် ပိတ်မိနေ

မွမ်ဘိုင်း ဇူလိုင် ၁၆

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဇူလိုင် ၁၆ ရက်က အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လူနှစ်ဦး သေဆုံးပြီး ၄၀ ကျော် ပိတ်မိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆောက်အအုံ ပြိုကျမှုကြောင့် အုတ်အကျိုးအပဲ့များအောက်တွင် ပိတ်မိနေသော ကလေးနှစ်ဦး အပါအဝင် လူငါးဦးကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့ပြီး ဆေးဝါးကုသမှု ခံယူရန် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တာနာဂျီကမ်ဘာလ်က ပြောကြားသည်။

အဆောက်အအုံ အကျိုးအပဲ့များအောက်၌ ပိတ်မိနေသော လူအများအပြား ကျန်ရှိနေသေးသဖြင့် သေဆုံးသူဦးရေလည်း နောက်ထပ်တိုးလာဖွယ်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အိန္ဒိယ အမျိုးသားဘေးအန္တရာယ် တုံ့ပြန်ရေးတပ်ဖွဲ့မှ အသင်းနှစ်သင်းနှင့် ဒေသဆိုင်ရာ ပရဟိတအဖွဲ့များ၊ မီးသတ်ဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့မှ ရှာဖွေကယ်ဆယ်ရေးလုပ်သားများသည် အဆောက်အအုံအကျိုးအပဲ့များအောက်တွင် အသက်ရှင်ကျန်ရစ်သူများကို ပို့ဂ်စ်ပ်တိုက် ရှာဖွေလျက်ရှိကြောင်း သိရသည်။

လူဦးရေ သန်း ၂၀ ခန့် နေထိုင်ရာ မွမ်ဘိုင်းမြို့သည် မုတ်သုံရာသီကာလအတောအတွင်း အဆောက်အအုံပြိုကျမှုများနှင့် ကြုံတွေ့လေ့ရှိသည်။ ယခုလအစောပိုင်းတွင်လည်း မွမ်ဘိုင်းမြို့၌ တံတိုင်းတစ်ခု ပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၂၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ကျေတီ

ရှစ်နှစ်အတွင်း ဂေါက်ကွင်း ၁၂၇ ခု တရုတ်အစိုးရ ပိတ်သိမ်း

ပေကျင်း ဇူလိုင် ၁၆

ဂေါက်ကွင်းအသစ် တည်ဆောက်မှုများကို တားမြစ်ပိတ်ပင်ရန် တရုတ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများသည် အောင်မြင်မှုရရှိခဲ့ကြောင်း တရုတ်နိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင် (NDRC)က ဇူလိုင် ၁၆ ရက်တွင် ပြောကြားသည်။ တရုတ်နိုင်ငံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဂေါက်ကွင်း စုစုပေါင်း ၁၂၇ ခု ကို ပိတ်သိမ်းခဲ့သည်ဟု ယင်းကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် တင်ထားသည့် ထုတ်ပြန်ချက် အရ သိရသည်။

ယင်းကော်မရှင်နှင့် အခြားဗဟို အစိုးရဌာနများသည်ဂေါက်ကွင်းများ တရားမဝင် ဖွင့်လှစ်မှုကို ဆက်လက် နှိမ်နင်းခဲ့ရာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်တွင် ရှန်ရှီး၊ ကျိလင်၊ ဖူကျန်း၊ ရှန်ဒေါင်း၊ ဟီနန်၊ ဟူဘေး၊ ဟူနန်၊ ဟိုင်နန်၊ စီချွမ်၊ ယူနန်၊ ရှာအန်ရှီး ပြည်နယ်တို့မှ ဂေါက်ကွင်း စီမံကိန်း ၁၄ ခုကို တားမြစ်နိုင်ခဲ့သည်။ တရုတ်အစိုးရသည် ဂေါက်ကွင်းသစ် တည်ဆောက်မှုနှင့် ပတ်သက်၍ လုံးဝသည်းညည်းမခံသည့်မူဝါဒကို ချမှတ်မည်ဖြစ်ကြောင်း၊ ဂေါက်ကွင်းသစ် တည်ဆောက်မှုများကို ငြိုလိတ္တု ထောက်လှမ်းရေးစနစ်ဖြင့် ထောက်လှမ်းခြင်း၊ ပုံမှန်စစ်ဆေးဆောင်ရွက်ခြင်း၊ မီဒီယာများမှ ကြေညာချက်ထုတ်ပြန်၍ ကြီးကြပ်ခြင်းကို အရှိန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်းကော်မရှင်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေနှင့်မြေ သယံဇာတများ ထိန်းသိမ်းရန် ကြိုးပမ်းမှုအနေဖြင့် တရုတ်အစိုးရသည် ၂၀၁၁ ခုနှစ်မှ စ၍ ဂေါက်ကွင်းများကို ပိတ်ပင်ခဲ့သည်။ ဂေါက်ကွင်း တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများသည် အရင်းအမြစ်များစွာ အသုံးပြုရသည့် လုပ်ငန်းများဖြစ်ပြီး တရုတ်နိုင်ငံရှိ မြို့ကြီးများတွင် ရေနှင့်မြေ အရင်းအမြစ် ရှားပါးမှုနှင့် အိမ်ရာစျေးနှုန်းများ လွန်စွာကြီးမြင့်မှု ကြုံတွေ့နေကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အောင်ဇော်လင်း

အမေရိကန်လုပ် ချေမှုန်းရေး ရိုင်ဖယ်သေနတ် အလက် ၇၄၀၀၀ ဝယ်ယူလိုကြောင်း ဖိလစ်ပိုင် ပြောကြား

မနီလာ ဇူလိုင် ၁၆

ဖိလစ်ပိုင်အစိုးရသည် အမေရိကန်လုပ် အမ်-၁၆ အမျိုးအစား ချေမှုန်းရေး ရိုင်ဖယ်သေနတ် အလက်ပေါင်း ၇၄၀၀၀ ခန့် ဝယ်ယူလိုကြောင်း ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး တီယိုဒိုရိုလော့ဆင်က ယနေ့ ပြောကြားသည်။

ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီး လော့ဆင်သည် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်စတီးလ်ဝဲလ်နှင့် တွေ့ဆုံခဲ့ပြီး နောက် ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့သည်။ ဒေးဗစ်စတီးလ်ဝဲလ်သည် (၈) ကြိမ်မြောက် အမေရိကန်-ဖိလစ်ပိုင် မဟာဗျူဟာ ဆွေးနွေးပွဲသို့ တက်ရောက်ရန် မနီလာမြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်အစိုးရသည် အဆိုပါ ချေမှုန်းရေး ရိုင်ဖယ်သေနတ် (အမ်-၁၆) များကို အမေရိကန်ထံမှ လက်ဆောင်အနေဖြင့် ရရှိမည်မဟုတ်ဘဲ အဖိုးအခပေး၍ ဝယ်ယူမည်ဖြစ်ပြီး မိမိတို့၏ မေတ္တာရပ်ခံချက်အပေါ် အမေရိကန် အစိုးရဘက်မှ စီစဉ်ဆောင်ရွက်မှုကို စောင့်ဆိုင်းရမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး လော့ဆင်က တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် အမေရိကန် ပြည်ထောင်စုထံမှ ချေမှုန်းရေး ရိုင်ဖယ်သေနတ် အလက်ပေါင်း ၂၆၀၀၀ ဝယ်ယူရေး အစီအစဉ်ကို ဖျက်သိမ်းရန် ၂၀၁၆ ခုနှစ်က ဖိလစ်ပိုင်အမျိုးသား ရဲတပ်ဖွဲ့အား အမိန့်ပေးလိုက်သည်။

ဒူတာတေးသည် ဖိလစ်ပိုင်အစိုးရ၏ မူးယစ်နှိမ်နင်းရေး စစ်ပွဲနှင့် ပတ်သက်၍ အမေရိကန်၏ စွပ်စွဲမှုအပေါ် စိတ်ဆိုးကာ အမေရိကန်လုပ် ရိုင်ဖယ်သေနတ် ဝယ်ယူရေးအစီအစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ကျေတီ

ပါကစ္စတန်က အရပ်ဘက်လေယာဉ်များအတွက် လေကြောင်းပိုင်နက် ပြန်လည်ဖွင့်လှစ်



အစ္စလာမ္မာဘတ် ဇူလိုင် ၁၆

ပါကစ္စတန်နိုင်ငံက အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် စစ်ရေးတင်းမာမှုများဖြစ်ပွားပြီးနောက် လေးလကျော်ကြာ ပိတ်ထားခဲ့သည့် လေကြောင်းပိုင်နက်ကို အရပ်ဘက်သုံးလေယာဉ်များအတွက် ပြန်လည်ဖွင့်လှစ်ပေးပြီဟု ယနေ့ ကြေညာလိုက်သည်။

ပါကစ္စတန်လေကြောင်းပိုင်နက်ကို အရပ်ဘက်လေယာဉ်များအတွက် ဖွင့်လှစ်ပေးပြီဖြစ်ကြောင်း ပါကစ္စတန် လေကြောင်းပို့ဆောင်ရေး အာဏာပိုင်အဖွဲ့(CAA)မှ တာဝန်ရှိသူတစ်ဦးအား ကိုးကား၍ ဒေသန္တရ အရေးရပ်သဒ္ဒါန Samaa News က ဖော်ပြခဲ့သည်။ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံအရှေ့မြောက်ပိုင်း၌ ဆူပူမှု ဖြစ်ပွားခြင်းကြောင့် ပါကစ္စတန်နိုင်ငံက ဖေဖော်ဝါရီ ၂၆ ရက်တွင် ယင်း၏ လေကြောင်းပိုင်နက်ကို ပိတ်ပစ်ခဲ့သည်။ လေကြောင်းပိုင်နက် ခိုးဖောက်သည်ဟုဆိုကာ ပါကစ္စတန် လေတပ်က ထိန်းချုပ်မည်းတစ်လျှောက် အိန္ဒိယဂျက်တိုက်လေယာဉ်နှစ်စင်းကို ပစ်ချခဲ့သည်။

အိန္ဒိယဂျက်တိုက်လေယာဉ်များ ပစ်ချခဲ့မှုက ပါကစ္စတန်နှင့် အိန္ဒိယကြား နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုဆိုးရွားစေခဲ့သလို တင်းမာမှုများကြောင့် အရပ်ဘက် လေကြောင်းခရီးစဉ်များကိုလည်း ရိုက်ခတ်မှုရှိခဲ့သည်။ ပါကစ္စတန်နိုင်ငံက မတ်လအတွင်းလေကြောင်းပိုင်နက်ကို တစ်ပိုင်းတစ်စ ပြန်ဖွင့်လှစ်ပေးခဲ့သော်လည်း အိန္ဒိယဘက်ခြမ်းမှ လေကြောင်းခရီးစဉ်များကို တားမြစ်ရန် အရှေ့ပိုင်းနှင့် တောင်ပိုင်း လေကြောင်းပိုင်နက်ကို ဆက်လက် ပိတ်ပင်ခဲ့သည်။ အိန္ဒိယအစိုးရက လေကြောင်းပိုင်နက် ပြန်လည်ဖွင့်လှစ်ပေးရန် ပါကစ္စတန်နိုင်ငံထံ တောင်းဆိုခဲ့သော်လည်း နှစ်နိုင်ငံ နယ်စပ်အနီး ဖြန့်ကြက်ထားသည့် ဂျက်တိုက်လေယာဉ်များကို အရင်ဆုံးဖယ်ရှားရန် ပါကစ္စတန်နိုင်ငံက အိန္ဒိယထံ တောင်းဆိုခဲ့ကြောင်း ယခုလ အစောပိုင်းတွင် ပါကစ္စတန် တာဝန်ရှိသူတစ်ဦးက မီဒီယာများသို့ ပြောကြားခဲ့သည်။

အရေးပါသော လေကြောင်းပို့ဆောင်ရေး လမ်းကြောင်းတစ်ခုအတွင်းတည်ရှိသည့် ပါကစ္စတန်နိုင်ငံ၏ လေကြောင်းပိုင်နက် ပိတ်ပင်မှုကြောင့် လေကြောင်းခရီးစဉ် အများအပြား ပျက်ပြယ်ခဲ့ရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-ကျော်ထိုက်စိုး

AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်နေသူများအား ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၆

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် ကန်စောက်ကျေးရွာ၏ အရှေ့ဘက် ၁ မိုင်ခန့်အကွာနေရာ၌ လုံခြုံရေးဆောင်ရွက်နေစဉ် ပုဏ္ဏားကျွန်းဘက်မှ ကျောက်တော်ဘက်သို့ စေတီနန်းကျေးရွာနေ ယာဉ်မောင်း ကျော်မြင့်(ဘ) ဦးမောင်သိန်း မောင်းနှင်လာပြီး ယာဉ်ပေါ်တွင် ယိုးတရုတ်ကျေးရွာနေသူများဖြစ်သည့် မင်းနိုင်ဌေး(ဘ) ဦးကျော်ဇင်အောင်နှင့် မောင်ဦးငြိမ်းဝေ(ဘ) ဦးဘသန်းတို့ လိုက်ပါလာသည့် Starex အမျိုးအစား ယာဉ်အမှတ်၊ BGO- 3P/--------- ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် လက်လုပ်ခါးချိုး တစ်လုံးထိုးသေနတ် တစ်လက်၊ ၅ ဒသမ ၅၆ မမကျည် ၂၈ တောင့်၊ အရိုးအသွား ၉ လက်မခန့်ရှိ ဓားတစ်ချောင်း၊ အရိုးအသွား ၃ ပေ ၆ လက်မခန့်ရှိ ဓားရှည်တစ်ချောင်း၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ (စုစုပေါင်း မူးယစ်ဆေးဝါးတန်ဖိုး ငွေကျပ် သိန်း ၄၀ ခန့်)၊ လက်ကိုင်ဖုန်း ငါးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းချက်အရ ယိုးတရုတ်ကျေးရွာနေ ထွန်းဝင်း(ဘ)ဦးမောင်ရွှေဇံသည် AA အဖွဲ့နှင့် ပတ်သက်ဆက်နွယ်မှုရှိကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ၎င်းနှင့်အတူ ဦးသန်းရွှေ(ဘ)ဦးဝေဖြူအောင်တို့အား AA အဖွဲ့၏ ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံများနှင့် ဗီဒီယိုဖိုင်များအား Viber ဖြင့် အပြန်အလှန်ပေးပို့ ထားသည့် Kambo အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ပြည်ပငွေလွှဲ Western Union ငွေလွှဲပြေစာများ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုထားသည့် ဆက်စပ်ပစ္စည်းများနှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများ၊ လက်နက်ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် မော်တော်ယာဉ်တို့အား ကန်စောက်နယ်မြေရဲစခန်းနှင့် ယိုးတရုတ်နယ်မြေရဲစခန်းတို့သို့ စနစ်တကျလွှဲပြောင်းအပ်နှံ၍ တရားဥပဒေအရ အရေးယူနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး

သတင်းစဉ်

မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၆

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၃ နာရီက အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း နဘားလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် နော်ဘောက်(ခ)မာနော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ပင့်တင်ကျေးရွာနှင့် ပင်ဝယ်ရွာသစ်ကျေးရွာကြားတွင် ဖမ်းဆီးရမိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့နံနက် ၅ နာရီက ခန္တီးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ခန္တီးမြို့နယ် ရပ်နားကျေးရွာအနီးရှိ တောင်ယာတဲကို ဝင်ရောက်ရှာဖွေရာ စိန်အောင်(ခ)အိုက်ဇော်အား တွေ့ရှိရပြီး တဲအတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၁၆၆ ကီလိုနှင့် တူမီးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ သိမ်းဆည်းရမိသည့် ဘိန်းဖြူများ၏ ပိုင်ရှင်ဖြစ်သူ ယဉ်ဇော်ဦး(ခ)ဖိုးကြောင်အား ရပ်နားကျေးရွာရှိ ၎င်းနေအိမ်တွင် ဘိန်းဖြူ ၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၉ ပြား၊ ငွေကျပ် ၆၈၅၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၁၄ ရက် ည ၉ နာရီက တပ်မတော်မှ ကျွန်းစုမြို့နယ် မဲတောကျေးရွာအုပ်စု ချောင်းညီကိုကျေးရွာ ချောင်းညီကိုချောင်းကမ်းပါးပေါ်၌ တွေ့ရှိသော ဆာလာအိတ်များအား ဖွင့်ဖောက်စစ်ဆေးရာ အိတ်အတွင်းမှ ဘိန်းစာမှုန့် ၂၂၅ ကီလိုကို လည်းကောင်း။

အလားတူ ဇူလိုင် ၁၅ ရက် ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ စံပယ်တော-မင်းစုလမ်းတွင် ဇော်ထူးမောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ကျော်ဝင်းထွန်း မောင်းနှင်ပြီး ဇင်မင်းထက်လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ ဇော်ထူးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ်(၃၆၁)ရှိ အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း (EMS)ရုံးတွင် ဂျပန်နိုင်ငံသို့ပို့ဆောင်မည့် မဆုတန်နီဦး(ခ)ဟန်နီ၏ပါဆယ်ထုပ်ကို ဖွင့်ဖောက်စစ်ဆေးရာ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ပို့ဆောင်ခိုင်းသူ ဇေယျာဦးနှင့် နေလင်းဦး(ခ)ဇင်တို့အား အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းမပေါ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ည ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၃၅) မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် ဇလပ်ဆိပ်ကျေးရွာရှိ မျိုးအေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ဖခင်ဖြစ်သူ တင်ဝင်းနှင့်အတူ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇ ပြားသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အင်းတော်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ်လုံး ကျွန်းခွဲသားများနှင့် သစ်ခွဲစက်နှစ်လုံး သိမ်းဆည်းရမိ

အင်းတော် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တပ်လွင်ကြိုးဝိုင်းအတွင်းမှ တရားမဝင် ကျွန်းသစ်လုံးများ၊ ကျွန်းခွဲသားများနှင့် သစ်စက်နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခန့်က ကသာခရိုင် လ/ထ ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ်အတွင်း နယ်မြေရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်စဉ် တပ်လွင်ကြိုးဝိုင်းအတွင်း အကွက်အမှတ်(၄၁)(၅၂)(၅၄)နေရာများ၌ တရားမဝင် ကျွန်းသစ်လုံးနှင့် ကျွန်းခွဲသား စုစုပေါင်း ၂၅ ဒသမ ၅၃၂၂ တန်နှင့် သစ်စက်နှစ်လုံးသိမ်းဆည်းရမိခဲ့ပြီး ပိုင်ရှင်များအား စုံစမ်းဖော်ထုတ်၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**



အင်းတော်မြို့နယ်၌ ကျောက်စိမ်းအရိုင်းတုံး ၂၆၇ တုံး သိမ်းဆည်းရမိ

အင်းတော် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုကာလမ်းမပေါ်တွင် ဇူလိုင် ၁၅ ရက်က မော်တော်ယာဉ်နှစ်စီးအတွင်း၌ အံဝှက်များပြုလုပ်၍ သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံး အရွယ်ဆိုဒ်စုံ ၂၆၇ တုံး တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၅ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က ခုခံအုပ် သက်ဦးမောင်နှင့် အဖွဲ့တို့သည် တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် လယ်နောင်ကျေးရွာဘက်မှ ရွှေဘို-မြစ်ကြီးနားကားလမ်းမပေါ်သို့ ရဲလင်းထွန်း မောင်းနှင်လာပြီး အောင်ကြည်သောင်း လိုက်ပါလာသော ယာဉ်နှင့် အောင်ဇော်မောင်းနှင်လာပြီး ကျော်သူလိုက်ပါလာသော ယာဉ်တို့ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ၎င်းယာဉ်နှစ်စီးတို့၏ ကြမ်းခင်းအောက်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး အရွယ်ဆိုဒ်စုံ ၂၆၇ တုံး(အလေးချိန် ၉၅၈ ကီလို၀ရမ်)တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းတို့ လေးဦးအား စစ်ဆေးမေးမြန်းရာ ၎င်းကျောက်စိမ်းအရိုင်းတုံးများသည် ဖားကန့်မြို့မှ မန္တလေးမြို့သို့ပို့ဆောင်ရန် အတွက် သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အင်းတော်မြို့မရဲစခန်းက ရဲလင်းထွန်း(ခ)သာရဲ မင်းသာကျေးရွာ မော်လူးမြို့ အောင်ကြည်သောင်း မန္တလေးမြို့ အောင်ဇော်ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီးနှင့် ကျော်သူ ဝက်လူးအမှတ်(၁)ကျေးရွာ နွားထိုးကြီးမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူတို့အား အင်းတော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **၀၆၃**

ရပ်ထားသောယာဉ်အား ဝင်တိုက်၊ ယာဉ်မောင်း သေဆုံး

သထုံ ဇူလိုင် ၁၆

သထုံမြို့နယ် နောင်ကုလားရှမ်းရွာ၌ ဇူလိုင် ၁၅ ရက် ည ၁၀နာရီခန့်က သထုံ-မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၁၄၄/၄)နှင့် (၁၄၄/၅)ကြား သထုံမှ ဘီးလင်းသို့ ဝင်းခင် (၂)ရပ်ကွက် မြင်းခြံမြို့နေထိုင်သူ မောင်းနှင် သည့် Isuzu Truck ခြောက်ဘီးယာဉ်မှာ နောင်ကုလားရှမ်းရွာတံတားအနီး လမ်း၏ညာဘက်ဘေးတွင်ရပ်ထားစဉ် လားရာတူ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသည့် Probox က ဝင်တိုက်မိခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူ အမျိုးသား ခြောက်ဦးအနက် သုံးဦးမှာ(မစိုးရိမ်ရ)ဒဏ်ရာများရရှိပြီး သထုံခရိုင်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေရကာ Probox ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

လှိုင်ထွန်းအောင်(သထုံ)

ရာသီတုပ်ကွေးရောဂါ H1N1 ကြောင့် နိုင်ငံတစ်ဝန်း သေဆုံးလူနာ ၅၆ ဦးထိရှိလာ

ရန်ကုန် ဇူလိုင် ၁၆

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ဖြစ်ပွားမှုကြောင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ သေဆုံးသူ ၅၆ ဦးအထိရှိပြီး ယခုရက်ပိုင်းအထိ ရန်ကုန်တိုင်းဒေသကြီးတွင် သေဆုံးလူနာ ၄၃ ဦး အထိရှိနေကြောင်း ပြည်သူကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ဓာတ်ခွဲအတည်ပြုသေဆုံးစာရင်းများအရ သိရသည်။

နိုင်ငံတစ်ဝန်း ဇူလိုင် ၁၅ ရက်အထိ သေဆုံးလူနာ ၅၄ ဦးရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် သေဆုံးလူနာ တစ်ဦး၊ ဒဂုံမြို့သစ်(တောင်)ပိုင်း မြို့နယ်တွင် သေဆုံးလူနာ တစ်ဦး၊ သဃ်နန်းကျွန်းမြို့နယ်တွင် သေဆုံးလူနာ တစ်ဦး၊ ရွှေပြည်သာမြို့နယ်တွင် သေဆုံးလူနာ နှစ်ဦး၊ ထန်းတပင်မြို့နယ်တွင် သေဆုံးလူနာ တစ်ဦး၊ ဗိုလ်တထောင်မြို့နယ်တွင် သေဆုံး လူနာ တစ်ဦး၊ ဒေါပုံမြို့နယ်တွင် သေဆုံးလူနာ တစ်ဦးတို့ တိုးပွားလာသည်။ ထပ်မံ၍ ဇရာဝတီတိုင်းဒေသကြီးတွင် သေဆုံးလူနာ တစ်ဦး၊ မကွေးတိုင်းဒေသကြီးတွင် သေဆုံးလူနာ တစ်ဦး၊ မွန်ပြည်နယ်တွင် သေဆုံးလူနာ တစ်ဦးတို့ ရှိနေရာ ဓာတ်ခွဲအတည်ပြုချက်အရ ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 ကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၆ ရက်ညပိုင်းအထိ မွန်ပြည်နယ်တွင် တစ်ဦး သေဆုံးခဲ့ပြီး ကချင်ပြည်နယ်တွင်လည်း တစ်ဦး ထပ်မံသေဆုံးခဲ့သောကြောင့် ယနေ့အချိန်ထိ သေဆုံးလူနာ ၅၆ ဦးရှိလာကြောင်း သိရသည်။ ယခုအခါတွင် နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 သံသယဖြင့် ဓာတ်ခွဲစစ်ဆေးသူ ၆၈၁ ဦးရှိရာ ပိုးတွေ့လူနာ ၂၈၀ ရှိပြီး ယခင်ထက် တိုးပွားလာနေကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှ အဆက်

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စဉ်းစားနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၈.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၆.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၉.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁.၅ ရာခိုင်နှုန်းမှ ၂၀.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၀ ရာခိုင်နှုန်းမှ ၃၈.၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၅ ရာခိုင်နှုန်းမှ ၄၁.၀ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်စျေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၈၄၃၄၇.၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်စျေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇.၀၉ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှအချိုးအစားအားဖြင့် ၇၂.၉၀ ရာခိုင်နှုန်း ရင်းနှီး မြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်စျေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅၅၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇၅၀၀.၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၁၉၄၉၇၃၀ မှ ကျပ် ၂၁၀၀၇၅၅ သို့ဖြစ်ပေါ် လာရန်၊

အခန်း(၃)

အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရ ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာ လျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက်စီမံကိန်းများပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ-မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ-မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ-မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု-မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ-မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ်စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစီစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင် မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စီစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပူးတွဲ-၁

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး/ကဏ္ဍ	၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)			၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**လယ်ယာကဏ္ဍကြီး**	**၁၉၉၉၇၁၄၆၆.၀**	**၂၂.၅**	**၂.၁**	**၂၀၄၉၆၆၄၉၄.၄**	**၂၁.၅**	**၂.၅**
	၁	လယ်ယာ	၁၂၉၈၇၅၄၇.၇	၁၄.၆	၁.၁	၁၃၂၉၁၇၀.၉	၁၃.၉	၂.၃
	၂	သားငါး	၆၉၄၂၃၉၃.၅	၇.၈	၄.၃	၇၁၄၃၉၄.၅	၇.၅	၂.၉
	၃	သစ်တော	၆၇၂၀၄.၈	၀.၁	-၉.၈	၆၁၁၇၈.၀	၀.၁	-၉.၀
၂		**စက်မှုကဏ္ဍကြီး**	**၃၂၁၃၇၂၁၄၄.၅**	**၃၆.၀**	**၈.၄**	**၃၄၈၉၅၆၃၆.၉**	**၃၆.၆**	**၈.၆**
	၁	စွမ်းအင်	၃၂၆၈၄၉၅.၀	၃.၇	၁.၃	၃၂၈၅၂၅၁.၇	၃.၄	၀.၅
	၂	သတ္တုနှင့် တွင်းထွက်ပစ္စည်း	၉၁၄၃၅၅၀.၇	၁.၀	၅.၁	၉၆၁၉၁၂.၀	၁.၀	၅.၂
	၃	စက်မှုလက်မှု	၂၀၉၆၃၂၂၄၆.၁	၂၃.၅	၉.၈	၂၃၀၄၃၆၃၈.၉	၂၄.၂	၉.၉
	၄	လျှပ်စစ်ဓာတ်အား	၁၃၇၉၅၅၀.၃	၁.၅	၇.၆	၁၄၈၈၇၇၃.၈	၁.၆	၇.၉
	၅	ဆောက်လုပ်မှု	၅၆၁၁၅၅၂.၄	၆.၃	၈.၆	၆၁၁၆၀၆၀.၅	၆.၄	၉.၀
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	**၃၇၀၄၇၃၃၁၇.၀**	**၄၁.၅**	**၈.၀**	**၄၀၀၃၇၀၈၇.၂**	**၄၁.၉**	**၈.၁**
	၁	ပို့ဆောင်ရေး	၁၀၆၉၀၃၁၉.၂	၁၂.၀	၈.၁	၁၁၅၆၂၉၀၁.၉	၁၂.၁	၈.၂
	၂	ဆက်သွယ်ရေး	၂၃၀၃၀၀၀.၆	၂.၆	၁၁.၄	၂၅၂၂၀၃၈.၀	၂.၆	၉.၅
	၃	ငွေရေးကြေးရေး	၃၆၇၆၀၅.၂	၀.၄	၇.၁	၄၀၉၀၂၇.၆	၀.၄	၁၁.၃
	၄	လူမှုရေးနှင့် စီမံခန့်ခွဲရေး	၃၁၆၃၅၅၈.၂	၃.၅	၄.၂	၃၂၉၅၀၁၂.၇	၃.၅	၄.၂
	၅	အခြားဝန်ဆောင်မှု	၂၇၉၀၇၈၉.၃	၃.၁	၁၂.၄	၃၁၄၉၁၃၈.၂	၃.၃	၁၂.၈
	၆	ကုန်သွယ်မှု	၁၇၇၃၂၀၁၇.၅	၁၉.၉	၇.၆	၁၉၀၉၈၉၆.၈	၂၀.၀	၇.၇
၄		**စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၈၉၁၈၁၆၇၇.၅**	**၁၀၀.၀**	**၆.၈**	**၉၅၄၂၉၂၁၈.၅**	**၁၀၀.၀**	**၇.၀**

(ဆက်လက်ဖော်ပြပါမည်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရန်ကုန်တက္ကသိုလ်အဆောင်များကြည့်ရှု

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တက္ကသိုလ် အိပ်ဆောင်များ မွမ်းမံပြင်ဆင်ရေး ဘတ်ဂျက်အသုံးပြုမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ရန်ကုန်တက္ကသိုလ် အိပ်ဆောင်များ မွမ်းမံပြင်ဆင်ရေး ဘတ်ဂျက်အသုံးပြုမှု နှင့်ပတ်သက်၍ တင်ပြသည်။

ဆက်လက်၍ လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာညီလှငယ်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့က အဆောက်အအုံများ မွမ်းမံပြင်ဆင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ဘတ်ဂျက်သုံးစွဲရခြင်းအခြေအနေများကိုတင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆောင်များကို လိုက်လံကြည့်ရှုသည်။

၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်တွင် နှစ် ၁၀၀ ပြည့်အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး (ပြန်/ဆက်)





ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတက်ရောက်

စစ်တွေ ဇူလိုင် ၁၆

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက စစ်တွေမြို့ လောကာနန္ဒာစေတီတော် လိုဏ်ဂူအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ဆွမ်းဆန်စိမ်းနှင့် အလှူငွေများလောင်းလှူသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးမှ သံဃာတော်အပါး ၄၀၀ နှင့် သီလရှင်ကျောင်းတိုက်အသီးသီးမှ သီလရှင်အပါး ၂၀ ကျော်တို့ ကြွရောက်ကြပြီး ဆွမ်းဆန်စိမ်းများ အလှူခံတော်မူကြကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

(၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပွဲများ ကျင်းပ



တပ်ကုန်း

(၇၂)နှစ်မြောက် အာဇာနည်နေ့အကြို အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၅ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ကျင်းပသည်။

(၁၉) ဇူလိုင် မမေ့နိုင်၊ အာဇာနည်နေ့ တို့မမေ့ခေါင်းစဉ်များဖြင့် အခြေခံပညာကျောင်းဝင်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင့်တင့်ခိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင် (ပြန်/ဆက်)

ကျောင်းကုန်း

ဇရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခွဲ (၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီက ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် ဒေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးကျော်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ငါသရောက်

မန္တလေးတိုင်းဒေသကြီး ငါသရောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ (၇၂) နှစ်မြောက် အာဇာနည်နေ့ အကြို အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် စကားပုံဆက်၊ ပုံပြောပြိုင်ပွဲနှင့် စာအုပ်ပြပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ငါသရောက်မြို့ ကုလားတဲ အထက(ခွဲ)မှ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကိုထိန် (ငါသရောက်)

မယ်စဲ့

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် (၇၂) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ကျင်းပသည်။

ဘယ်ခါမမေ့ပြီအာဇာနည် ခေါင်းစဉ်ဖြင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရာသီတုပ်ကွေးကြိုတင်ကာကွယ်ရေးဆွေးနွေးပွဲတက်ရောက်



မန္တလေး ဇူလိုင် ၁၆

ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီကမန္တလေးအထွေထွေရောဂါကုဆေးရုံကြီး မန်းတောင်ရိပ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ရာသီတုပ်ကွေးရောဂါကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရေး၊ လိုအပ်သောဆေးဝါးများ အချိန်နှင့်တစ်ပြေးညီရရှိရေး၊ ရောဂါပျံနှံနိုင်သည့် လူအများစုဝေးတတ်သောပွဲလမ်းများအတွက် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ ကြိုတင်ထည့်သွင်းစဉ်းစားရေးတို့ကို ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်က ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးပြင်ဆင်ဆောင်ရွက်ထားမှု၊ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာဆောင်ရွက်ထားမှုများ၊ လူထုအတွင်း ကျန်းမာရေးအသိပညာပေးမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ကျန်းမာရေးစောင့်ရှောက်မှုအတွက် အကြံပြုဆွေးနွေးကြသည်။

သီဟကိုကို(မန္တလေး)

ရဲတပ်ဖွဲ့ဝင်များအား ခေတ်မီလက်နက်များကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရေးအတွက် ဆင့်ပွားသင်တန်းဖွင့်



ဗျာပုံ ဇူလိုင် ၁၆

ဇရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ခေတ်မီလက်နက်များ စနစ်တကျထားသိုထိန်းသိမ်းရေးနှင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုပစ်ခတ်နိုင်ရေး (ဆင့်ပွား) သင်တန်းကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ဗျာပုံခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ စတင်ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ဗျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ဇော်မြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်ခန်းစာများ ပို့ချသည်။

ဖွင့်ပွဲသို့ ဗျာပုံမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းဝင်း၊ ကျိုက်လတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းလှအောင်၊ ဘိုကလေးမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုရဲမှူးယဉ်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းသို့ အရာရှိ အခြားအဆင့်အပါအဝင် စုစုပေါင်း ၅၂ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် ခေတ်မီလက်နက်များကို စနစ်တကျ ထားသိုသိမ်းဆည်းခြင်း၊ လက်နက်များကို စနစ်တကျ ကိုင်တွယ်ပစ်ခတ်ခြင်း၊ စစ်ရေးပြဘာသာရပ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလ ၁၀ ရက် ကြာမြင့်မည်ဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

သူဇာနွယ်(ဗျာပုံ)

တစ်ပတ်အတွင်းအားကစားသတင်းများ

နိုင်လင်းကြည်



မန်စီးတီးကွင်းလယ်ကစားသမား လူဖေဘီယန်ဒဲလ်ကို ခေါ်ယူလိုက်တဲ့ အဲဗာတန်

အဲဗာတန်အသင်းဟာ မန်စီးတီးအသင်းရဲ့ ကွင်းလယ်ကစားသမား ဖေဘီယန်ဒဲလ်ကို သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိဖေဘီယန်ဒဲလ်ဟာ အီတီဟက်ဒ်နဲ့ တစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကျန်ရှိနေသေးပေမယ့် အဲဗာတန်အသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာလည်း ဖြစ်ပါတယ်။ ဖေဘီယန်ဒဲလ်ဟာ အင်္ဂလန်အသင်းနဲ့အတူ ပွဲပေါင် ၂၀ ကစားပေးခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမှာရော မကြာသေးခင်က ကျင်းပခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလင်ပြိုင်ပွဲမှာပါ အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဖေဘီယန်ဒဲလ်အနေနဲ့ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီမှာ မန်စီးတီးအသင်းကို ပရီမီယာလိဂ်ဖလားရရှိအောင်စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေထဲကတစ်ဦးအပါအဝင်ဖြစ်ခဲ့ပြီး အဲဒီဘောလုံးရာသီက ပရီမီယာလိဂ်ပွဲစဉ် ၂၂ ပွဲအထိပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ရိုဒရီအား မန်စီးတီးအသင်းက ခေါ်ယူပြီးချိန်ကစလို့ ဖေဘီယန်ဒဲလ်ဟာ နည်းပြဂွါဒီယိုလာရဲ့လက်အောက်မှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရန် မသေချာခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဖေဘီယန်ဒဲလ်အနေနဲ့ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိမယ့် အဲဗာတန်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းတွင် ဂရစ်ဇ်မန်း ကျောနံပါတ် ၁၇ ဝတ်ဆင်ကစားမည်

တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ အသင်းသစ် ဘာစီလိုနာအသင်းမှာ ကျောနံပါတ် ၁၇ ကို ဝတ်ဆင်ကစားမယ်လို့ တရားဝင်ထုတ်ဖော်ပြောကြားလာပါတယ်။ ပြင်သစ်ကြယ်ပွင့် ဂရစ်ဇ်မန်းဟာ ဇူလိုင် ၁၂ ရက်က အက်သလက်တီကိုမက်ဒရစ်အသင်းကနေ ဘာစီလိုနာအသင်းဆီသို့ ပြောင်းရွှေ့ကြေးပေါင် ၁၀၈ သန်းနဲ့ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ ဂရစ်ဇ်မန်းဟာ ဘာစီလိုနာအသင်းကို ရောက်ရှိချိန်မှာ ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ရန် စိတ်ဆန္ဒပြင်းပြနေကြောင်းနဲ့ အသင်းမှာဝတ်ဆင်မယ့် ကျောနံပါတ်ကို ပြောကြားခဲ့တာဖြစ် ပါတယ်။ ဂရစ်ဇ်မန်း ဝတ်ဆင်ကစားမယ့် ကျောနံပါတ် ၁၇ ဟာ အရင်က ဘာစီလိုနာအသင်းမှာ ပက်ဒရို၊ ဘိုမဲလ်နဲ့ ပီတစ်တို့ ဝတ်ဆင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ ၂၀၁၄ ခုနှစ် ရီးယဲလ်ဆိုစီဒက်အသင်းကနေ အက်သလက်တီကို မက်ဒရစ်အသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ၂၅၇ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၃၃ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်မှူး ဂရစ်ဇ်မန်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ရရှိခဲ့တဲ့ ယူရိုပါလိဂ်ဖလားတစ်လုံးသာရရှိခဲ့တာဖြစ်ပါတယ်။



ကမ္ဘာအကောင်းဆုံးအသင်းစာရင်းတွင် မန်စီးတီးအသင်း နံပါတ်တစ်နေရာမှ ရပ်တည်

မန်စီးတီးအသင်းဟာ ကမ္ဘာ့အကောင်းဆုံးအသင်းသတ်မှတ်ချက်စာရင်းတွင် နံပါတ်တစ်နေရာက ရပ်တည်နေပြီး မန်ယူအသင်းကတော့ ယန်းဘွိုင်းအသင်း၊ အီဘားအသင်းတို့ရဲ့နောက်မှာ အဆင့် ၃၄ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ အဆင့် ၂ နေရာမှာ ဘိုင်ယန်မြူးနစ်အသင်း၊ အဆင့် ၃ နေရာမှာ လီဗာပူးအသင်း၊ အဆင့် ၄ နေရာမှာ ဘာစီလိုနာအသင်း၊ အဆင့် ၅ နေရာမှာ ချယ်လ်ဆီးအသင်း၊ အဆင့် ၆ နေရာမှာ ပီအက်စ်ဂျီအသင်း၊ အဆင့် ၇ နေရာမှာ ရီးယဲလ်မက်ဒရစ်အသင်း၊ အဆင့် ၈ နေရာမှာ အက်သလက်တီကိုမက်ဒရစ်အသင်း စသဖြင့် အသီးသီး ရပ်တည်နေပြီး အေဂျက်အသင်းက အဆင့် ၁၀၊ စပါးအသင်းက အဆင့် ၁၂၊ အင်တာမီလန်အသင်းက အဆင့် ၁၄၊ ဂျူဗင်တပ်အသင်းက အဆင့် ၁၅၊ ဒေါ်မွန်အသင်းက အဆင့် ၂၅၊ အဲဗာတန်အသင်းက အဆင့် ၂၆၊ အာဆင်နယ်အသင်းက အဆင့် ၂၈ အသီးသီးရပ်နေပါတယ်။ နည်းပြဆိုးရှားရဲ့မန်ယူအသင်းကတော့ ရီးယဲလ်၊ ဆိုစီဒက်အသင်း၊ ဘင်ဖီကာအသင်း၊ ယန်းဘွိုင်းအသင်း၊ အီဘားအသင်းတို့ရဲ့နောက်မှာ အဆင့် ၃၄ နေရာကနေ ရပ်နေတာဖြစ်ပါတယ်။





ဒီလစ်ကို ခေါ်ယူဖို့ပေါင် ၆၇ ဒသမ ၅ သန်းနဲ့ သဘောတူညီမှုရလိုက်ပြီဖြစ်တဲ့ ဂျူဗင်တပ်

ဂျူဗင်တပ်အသင်းဟာ နယ်သာလန်ကလပ် အေဂျက်အသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ဒီလစ်ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လက်ရှိအချိန်မှာတော့ ပြောင်းရွှေ့ကြေးပေါင် ၆၇ ဒသမ ၅ သန်းနဲ့ သဘောတူညီမှုရရှိထားတယ်လို့သိရပါတယ်။ အသက် ၁၉ နှစ်အရွယ် လူငယ်ကစားသမား ဒီလစ်ဟာ ဂျူဗင်တပ်အသင်းနဲ့ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုမှာဖြစ်ပြီး အပိုဆုကြေးအပါအဝင် တစ်နှစ်ကို ပေါင် ၁၀ ဒသမ ၈ သန်းအထိ ရရှိမယ်လို့ လည်းဆိုပါတယ်။ မန်ယူအသင်း၊ ဘာစီလိုနာအသင်းတို့အပါအဝင် ဥရောပရဲ့ထိပ်တန်းကလပ်အသင်းအတော်များများရဲ့စိတ်ဝင်စားမှုကို ခံခဲ့ရတဲ့ ဒီလစ်ဟာ နောက်ဆုံးမှာတော့ ဂျူဗင်တပ်အသင်းဆီကိုသာ ပြောင်းရွှေ့ အကြောင်းဖန်ခဲ့တာဖြစ်ပါတယ်။ ဇွန်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နေးရှင်းလိဂ်ပြိုင်ပွဲအပြီးမှာ ဒီလစ်အနေနဲ့ ဂျူဗင်တပ်အသင်းကိုသာ ပြောင်းရွှေ့သင့်တယ်လို့ ဂျူဗင်တပ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ အခုလိုပြောင်းရွှေ့ဖို့စီစဉ်ခဲ့တာကြောင့် ဂျူဗင်တပ်အသင်းရဲ့နောက်တန်းတံတိုင်းမှာ ချီယယ်လီနီ၊ ဘိုနူစ်ီနဲ့ ဒီလစ်တို့ရဲ့ခြေစွမ်းတွေကို တွဲဖက်မြင်တွေ့ရတော့မှာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းက မာကွီယာအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၅ သန်းအထိ လိုချင်ဟုဆို

လက်စတာစီးတီးအသင်းရဲ့ နောက်တန်းကစားသမား မာကွီယာဟာ မန်ယူအသင်း ဒါမှမဟုတ် မန်စီးတီးအသင်းကို ပြောင်းရွှေ့ကစားဖို့စီစဉ်နေပြီး လက်စတာစီးတီးအသင်းကတော့ မာကွီယာရဲ့ပြောင်းရွှေ့ကြေးကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြစ်တဲ့ ပေါင် ၈၅ သန်းအထိ လိုချင်ကြောင်းပြောကြားခဲ့ပါတယ်။ မာကွီယာအနေနဲ့ မန်ယူအသင်းကို ပြောင်းရွှေ့ဖို့ဆန္ဒရှိနေတာကတော့ မန်ယူအသင်းရဲ့လက်ထောက်နည်းပြ မိုက်ဖီလန်နဲ့ ဆက်ဆံရေးဟာ ဟားစီးတီးအသင်းမှာ အတူရှိနေစဉ်ကတည်းက ကောင်းမွန်ခဲ့လို့ဖြစ်တယ်လို့ဆိုပါတယ်။ မန်စီးတီးအသင်းကတော့ ခေါ်ယူဖို့ဆန္ဒရှိနေတယ်ဆိုပေမယ့် မာကွီယာရဲ့ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၅၀ သာပေးမယ်လို့ဆိုထားပါတယ်။ လက်စတာစီးတီးအသင်းကတော့ လီဗာပူးအသင်းက နောက်တန်းကစားသမား ဗန်ဒိုက်ကို ပေါင် ၇၅ သန်းနဲ့ ခေါ်ယူခဲ့တာကြောင့် အဲဒီပြောင်းရွှေ့ကြေးထက် ပိုလိုချင်တယ်လို့ဆိုထားတာဖြစ်ပါတယ်။



ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ၏ လိုလားချက်၊ လိုအပ်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လွှတ်တော်အစည်းအဝေးများတွင် တင်ပြဆွေးနွေးတောင်းခံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြားသိနေရပါသည်။ ဤကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးတောင်းခံချက်များမှ ဒေသဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာများက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနေမှုများကို သတင်းစာတွင် အပတ်စဉ်ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်း . . . . .

သခွပ်မြစ်ဟောင်းတူးဖော်ခြင်းဖြင့် စိမ်းလန်းလာသည့် လယ်ယာမြေများနှင့်အတူ ဖွံ့ဖြိုးစည်ပင်လာသော ကွမ်းခြံကုန်းဒေသ

ရှင်မင်း

သခွပ်မြစ် ခေါ် ပုသိမ်မြစ်သည် အလျား ၂၇ မိုင်ခန့်ရှိပြီး ရန်ကုန်မြစ်မှ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ကို ဖြတ်သန်းကာ တိုးမြစ်အတွင်းစီးဝင်လျက်ရှိသည်။ ယခင်က မြစ်ကြောင်းကောင်းမွန်ပြီး လှေ၊ သင်္ဘောကြီးများ သွားလာနိုင်သော်လည်း ရန်ကုန်မြစ်မှ ကော့မှူးမြို့နယ် ကမာကန်းကျေးရွာအနီး ၆ ဒသမ ၅ မိုင်ခန့်သာ ရေစီးရေလာရှိသည့် အခြေအနေသို့ တိမ်ကောလာခဲ့သည်။

ထိုသို့ တိမ်ကောလာသည့်အတွက် ကွမ်းခြံကုန်းမြို့နယ်အစပ်တွင် ရေမြောင်းငယ်ပမာ ဖြစ်ပေါ်လာခဲ့ကာ နှစ်စဉ်ရေလျှံခြင်းကြောင့် အကြိမ်ကြိမ် ပြန်လည်စိုက်ပျိုးရခြင်း၊ ရေနစ်ခံနိုင်သောစပါးများသာ စိုက်ပျိုးရခြင်း စသည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ ချောင်းမြောင်းတိမ်ကောမှုများကြောင့် လယ်ယာမြေများသည် နှစ်စဉ်ရေကြီးရေလျှံကာ စပါးအထွက်နှုန်းကျဆင်းသည့် အခြေအနေကိုလည်း ရင်ဆိုင်ခဲ့ရသည်။

ထိုကဲ့သို့ ရေကြီးရေလျှံမှုကြောင့် တောင်သူများတွေ့ကြုံရသည့် စိုက်ပျိုးရေးအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ပြည်သူတို့၏ကိုယ်စား ကွမ်းခြံကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေးတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့မှ သခွပ်မြစ်ဇရိယာ ကော့ဒွန်းရွာမှ ကြခတ်ရွာအထိ မြောင်းအလျား ၆ ဒသမ ၂ မိုင် တူးဖော်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ရန်နှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ချောင်းကော၊ မြောင်းကောများ တူးဖော်ရန်အတွက် တင်ပြခဲ့ကြကြောင်း သိရသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်း



အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး

> ကွမ်းခြံကုန်းမြို့နယ်က သခွပ်မြစ်ကောကို တစ်စိတ်တစ်ပိုင်း ပြန်တူးဖော်လိုက်တဲ့အတွက် ကျွန်တော်တို့လယ်တွေဟာ အများကြီးအကျိုးဖြစ်ထွန်းလာပါတယ်။ အရင်က တစ်ဧကကို ဘေးကျားလို စပါးမျိုး တင်းငါးဆယ်ထွက်ဖို့ အတော်ကြိုးစားရပါတယ်။ ရေကြီးရေလျှံဖြစ်တဲ့အခါ ဧက ၃၀၀၀ လောက်မှာ အနည်းဆုံး ၃၀၀ လောက်က ပျက်သွားပါတယ်။ အခုဆိုရင် ရေလွှမ်းတာ တော်တော်သက်သာသွားပြီးတော့ စိုက်ပျိုးရတာ အဆင်ပြေပါတယ်



ကွမ်းခြံကုန်းမြို့နယ် ကော့ဒွန်းရွာမှ ကြခတ်ရွာအထိ သခွပ်မြစ်ကော တူးဖော်ထားမှုကို တွေ့မြင်ရစဉ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိခဲ့သောကြောင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် ကွင်းရေများထုတ်နှတ်နိုင်ရန်အတွက် ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ခဲ့သည်။ ကော့ဒွန်းရွာမှ မြို့သာယာရွာအထိ အလျား ၆ ဒသမ ၂ မိုင် တူးဖော်ပေးနိုင်ခဲ့သည့်အတွက် ကွမ်းခြံကုန်းမြို့နယ် အနောက်တောင်ဘက်ခြမ်းရှိ ကျေးရွာများ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ကွမ်းခြံကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်းက “ဒီဒေသက လယ်ယာစီးပွားနဲ့ ရေလုပ်ငန်းကို အခြေခံတည်မှီနေကြတာပါ။ ဒီဒေသက တောင်သူလယ်သမားတွေရဲ့လယ်တွေ နှစ်တိုင်းရေနစ်မြုပ်နေတာ နှစ် ၂၀ လောက်ရှိပါပြီ။ တောင်သူတွေဟာ သူတို့ရဲ့လယ်ယာကဏ္ဍအတွက် ခက်ခဲပင်ပန်းနေကြရတဲ့ အခြေအနေမို့ ကြိုးစားခဲ့ကြတာပါ။ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ရန်ပုံငွေချထားပေးတဲ့အတွက် ဒီပြဿနာ ပြေလည်သွားပါတယ်”ဟု ပြောကြားသည်။

ဌက်ကြီးဒေါင်ကျေးရွာနှင့် ကော့ဒွန်းကျေးရွာ နယ်နိမိတ်အတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နေသော တောင်သူဦးရီဝင်းက “ကွမ်းခြံကုန်းမြို့နယ်က သခွပ်မြစ်ကောကို တစ်စိတ်တစ်ပိုင်း ပြန်တူးဖော်လိုက်တဲ့အတွက် ကျွန်တော်တို့လယ်တွေဟာ အများကြီးအကျိုးဖြစ်ထွန်းလာပါတယ်။ အရင်က တစ်ဧကကို ဘေးကျားလို စပါးမျိုး တင်းငါးဆယ်ထွက်ဖို့ အတော်ကြိုးစားရပါတယ်။ ရေကြီးရေလျှံဖြစ်တဲ့အခါ ဧက ၃၀၀၀ လောက်မှာ အနည်းဆုံး ၃၀၀ လောက်က ပျက်သွားပါတယ်။ အခုဆိုရင် ရေလွှမ်းတာ တော်တော်သက်သာသွားပြီးတော့ စိုက်ပျိုးရတာ အဆင်ပြေပါတယ်။ ဒီနှစ်လည်း တချို့အပိုင်းတွေ ထပ်တူးပေးတာမို့ စပါးပိုထွက်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားသည်။

စာမျက်နှာ ၁၉ သို့ ✻

*** စာမျက်နှာ ၁၈ မှ**

ကော့ဒွန်းကျေးရွာမှ တောင်သူ ဒေါ်စန်းစန်းအေးက "သခွပ်မြစ်ကော တူးဖော်မှုကြောင့် ရေလျှံမှုမရှိသလောက် ဖြစ်သွားတာကို ဒေသခံတစ်ယောက်အနေနဲ့ ဝမ်းသာကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့လယ် ၁၂ ဧကက ပုံမှန်ဆို မျိုးစပါး ကိုးပြည် ပုံမှန်သုံးရပါတယ်။ မြောင်းမတူးခင်ကဆိုရင် တစ်ကြိမ် စိုက်လိုက်၊ ပျက်လိုက်၊ ထပ်စိုက်လိုက်၊ ပျက်လိုက်နဲ့ သုံးကြိမ်လောက် စိုက်ရတယ်။ ဒီလိုထပ်ကာထပ်ကာ ပြန်စိုက်ရတော့ မျိုးစပါး သုံးဆပိုကုန်တယ်။ အလုပ်သမားခလည်း ပိုကုန်တယ်။ လူကုန် ငွေကုန် အချိန်ကုန်ဖြစ်ရပါတယ်" ဟု ပြောသည်။

"ရေကြီးမှုမရှိတော့လို့ အဆင်ပြေသွားပေမယ့် ရေချိုသွင်းပြီး နွေစပါး စိုက်နိုင်ရင် နှစ်သီးစား၊ သုံးသီးစားဖြစ်မှာမို့ ဒီမြစ်ကြီးကို ရေငန်တားနိုင်မယ့် ရေထိန်းတံခါးဖြစ်လာဖို့အတွက် လိုအပ်နေပါသေးတယ်။ ဒီအတွက် အားလုံးကြိုးစားကြရဦးမှာပါ"ဟု ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသူရထွန်းက ပြောသည်။

ပင်လယ်နှင့် နီးစပ်ပြီး စပါးစိုက်ကွင်းများစွာ တည်ရှိနေသည့်အတွက် အရှေ့ဘက်မှာ ဟင်းအိုး၊ အနောက်ဘက်မှာ ထမင်းအိုးဟု ဂုဏ်ယူခဲ့ကြသော၊ ဆရာကြီးမင်းသုဝဏ်မွေးဖွားရာ ဇာတိအဖြစ် ဂုဏ်ယူခဲ့ကြသော ယင်းဒေသမှ ပြည်သူများ၏ စိုက်ပျိုးကဏ္ဍ အဆင်ပြေစေရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဘို့ဒင်မှ ကော့ဒွန်းအထိ အလျား ၅ ဒသမ ၃ မိုင် တူးဖော်ဆောင်ရွက်ခြင်းနှင့် ယခင်တူးဖော်ထားသော ရေနုတ်မြောင်း အောက်ခြေအကျယ်ချဲ့ခြင်းနှင့် နုန်းတူးဖော်ခြင်း လုပ်ငန်း ၆ ဒသမ ၂၅ မိုင် ဆောင်ရွက်ရန်နှင့် ကန်အလျား ရှည် ရေတံခါး ပြုပြင်တည်ဆောက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားကြောင်း သိရှိရသည်။

သခွပ်မြစ်၏ဘို့ဒင်မှ ကမာကနီးအပိုင်းသည် ကော့မှူးမြို့နယ်တွင် တည်ရှိပြီး ယခုအခါ ဘို့ဒင်ရွာမှ ကမာကနီးအပိုင်း မြစ်ကောအတွင်း ကျေးရွာများ၊ လယ်မြေများ၊ ဆက်သွယ်ရေးလမ်းများ၊ လူနေအဆောက်အအုံများ တည်ရှိနေသည့်အတွက် ထိုအပိုင်း တူးဖော်ဆောင်ရွက်မည်ဆိုပါက အိမ်ခြေအဆောက်အအုံများ၊ လယ်ယာမြေများကို ဖယ်ရှားရှင်းလင်းရမည်ဖြစ်သည့်အပြင် ရန်ကုန်မြစ်မှ ရေငန်များ ဝင်ရောက်လာနိုင်သည့်အတွက် လက်ရှိစိုက်ပျိုးနေသော လယ်ယာမြေများ ပျက်စီးမှုဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် တောင်သူများ တွေ့ကြုံရသည့် စိုက်ပျိုးရေးအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင့်နိုင်က "ရန်ကုန်တိုင်းဒေသကြီးအတွင်းက လှည်းကူး၊ ဒဂုံမြို့သစ်၊ ထန်းတပင်၊ မှော်ဘီ၊ တိုက်ကြီး၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေးနဲ့ ဒလမြို့နယ်တွေမှာ ချောင်းကော မြောင်းကော တွေ ပြန်လည်တူးဖော်တာ၊ တာတမံတွေ ပြုပြင်တည်ဆောက်တာနဲ့ ရေတံခါးတွေ ပြုပြင်တည်ဆောက်တာ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြောကြားသည်။



ကျေးရွာလှုပ်စစ်မီးနှင့် လမ်းသစ်များကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြိုးပမ်းမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ကွမ်းခြံကုန်းမြို့သည် ယခုအစိုးရသုံးနှစ်တာကာလအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးမှုကို လည်းကောင်း၊ မြို့ပေါ်ရှိလမ်းအားလုံးနီးပါး ကွန်ကရစ်လမ်းများအဖြစ်လည်းကောင်း၊ ကျေးရွာချင်းဆက်လမ်းများဖြင့် လည်းကောင်း စည်ပင်ဖွံ့ဖြိုးလျက်ရှိသည်။

အနုပညာ



ပထမဆုံးသော အမျိုးသမီး ဂျိမ်းစ်ဘွန်းဖြစ်လာမယ့် လာရှာနာလင့်ချ်

ကမ္ဘာကျော် စုံထောက်ဇာတ်ကောင်တစ်ဦးအကြောင်းကို ပုံဖော်ထားတဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ဟာ သမိုင်းသစ် ရေးထိုးတော့မှာဖြစ်ပါတယ်။ ထုတ်လွှင့်ပြီးခဲ့တဲ့ ရုပ်ရှင်တွေမှာ အထူးစုံထောက်တစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ဘွန်းဇာတ်ကောင်ဟာ အမျိုးသားတွေချည်းသာ ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် လာမယ့် ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်မှာတော့ အဆိုပါဇာတ်ကောင်ဟာ အမျိုးသမီးတစ်ဦးဖြစ်လာမှာပါ။ ပထမဆုံးသော အမျိုးသမီး ဂျိမ်းစ်ဘွန်းအဖြစ် မင်းသမီး လာရှာနာလင့်ချ်က ပါဝင်သွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒဲ့ဂျွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လူမည်းသရုပ်ဆောင်တစ်ဦးဖြစ်ပြီး လှပကြံ့ခိုင်တဲ့ အမျိုးသမီးတစ်ဦးလည်းဖြစ်တဲ့ လာရှာနာလင့်ချ်အနေနဲ့ ဂျိမ်းစ်ဘွန်းအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ သီတင်းပတ်အကုန်မှာ သတင်းတွေ စတင်ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ရဲ့ အဓိကဇာတ်ဝင်ခန်းတစ်ခန်းမှာ 007 ဝင်ရောက်လာရာမှာတော့ လူမည်းတစ်ဦးလည်းဖြစ်၊ အမျိုးသမီးတစ်ဦးလည်းဖြစ်တဲ့ လာရှာနာလင့်ချ် ဝင်ရောက်လာခဲ့တာကို တွေ့ခဲ့ရတယ်လို့ သိရပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီး ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ရဲ့အသိုင်းအဝိုင်းက လက်ရှိအချိန်အထိ တစ်စုံတစ်ရာ အတည်ပြုပြောကြားခြင်းမရှိသေးဘူးလို့လည်း သိရပါတယ်။

ဆယ်ဟန်နဲ့ ချန်ယိုးရဲ့တေးအယ်လ်ဘမ်သစ် စမ်းသပ်ထုတ်လွှင့်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "EXO" ရဲ့အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဆယ်ဟန်နဲ့ ချန်ယိုးတို့ရဲ့ မိနီတေးအယ်လ်ဘမ်သစ်ဟာ မကြာမီမှာ ပရိသတ်ရှေ့ရောက်ရှိတော့မှာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်မှုတွေ ပြုလုပ်ခဲ့ကြောင်း အီးအွန်လိုင်းဒဲ့ဂျွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ဝင်နှစ်ဦး ပူးတွဲဖန်တီးထားတဲ့ မိနီတေးအယ်လ်ဘမ်ကို "What A Life" လို့ အမည်ပေးထားပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ကို တော့ဂျူလိုင် ၂၂ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်က အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

လတ်တလော အဆိုပါတေးအယ်လ်ဘမ်အတွက် ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ပြီး ဒီဓာတ်ပုံတွေမှာ တော့ အဖွဲ့ဝင်နှစ်ဦးရဲ့ အပြင်အဆင်ပိုင်းဟာ ကယ်လီဖိုးနီးယားအင်္ဂေ့အသက်တွေ ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ ဒီမီနီတေးအယ်လ်ဘမ်သစ်အတွက် ခေါင်းစီးတေးတစ်ပုဒ်ရဲ့ တေးဗီဒီယိုကို လော့စ်အန်ဂျလိစ်မှာ သွားရောက် ရိုက်ကူးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။


အေးပြည့်-စုစည်းသည်

ဟယ်ရီစတိုင်ကို ကျော်ဖြတ်ကာ အဲဗစ်ပရက်စ်လေအဖြစ် အော်စတင်ဘက်ထ်လာ ပါဝင်သရုပ်ဆောင်မည်

ဟောလိဝုဒ်မင်းသားတစ်ဦးဖြစ်သူ အော်စတင်ဘက်ထ်လာဟာ ဂန္ဓဝင်တေးသံရှင်ကြီးတစ်ဦးဖြစ်တဲ့ အဲဗစ်ပရက်စ်လေအကြောင်း ရိုက်ကူးသွားမယ့် ရုပ်ရှင်သစ်မှာ အဲဗစ်ပရက်စ်လေအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း စကိုင်းဒဲ့ဂျွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ယခင်က ဒီနေရာမှာ ပါဝင်ဖို့ရာ နာမည်ကျော် တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်လည်း သတင်းတွေ ထွက်ခဲ့ပေမယ့် နောက်ဆုံးမှာတော့ အော်စတင်ဘက်ထ်လာက ပါဝင်သွားမှာဖြစ်ကြောင်း အတည်ပြုလာတာ ဖြစ်ပါတယ်။

ဒီလို အဲဗစ်ပရက်စ်လေအဖြစ် ပါဝင်ခွင့်ရကြောင်း အော်စတင်ဘက်ထ်လာက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ အဲဗစ်ပရက်စ်လေရဲ့ တေးသီချင်း "Love Me Tender" က စာသားအချို့နဲ့အတူ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

အဲဗစ်ပရက်စ်လေရဲ့ အထွဋ်ပွတ္တိရုပ်ရှင်ကို တာဝန်ယူရိုက်ကူးပေးသွားမယ့် ဒါရိုက်တာကလည်း သူ့အနေနဲ့ စမ်းသပ်ရိုက်ကူးမှုတွေ၊ တေးဂီတနဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲတွေ ပြုလုပ်ပြီးမှသာ အလွန်ကို ကျော်ကြားခဲ့တဲ့ တေးသံရှင် အဲဗစ်ပရက်စ်လေရဲ့နေရာမှာ ပါဝင်သရုပ်ဆောင်သွားမယ့်ဇာတ်ဆောင်ကို ရွေးချယ်ခဲ့တာဖြစ်ကြောင်းလည်း ထုတ်ပြန်ပြောကြားခဲ့တယ်လို့ သိရပါတယ်။



အော်စတင်ဘက်ထ်လာ(ဝဲ)နှင့် အဲဗစ်ပရက်စ်လေ(ယာ)

ရောဝတီမြစ်ရေတိုးမှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့ခိုလှုံ

ထီးချိုင့် ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ယနေ့နံနက် ၆ နာရီအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ၇၆၃ စင်တီမီတာသို့ ရောက်ရှိ နေပြီး ထီးချိုင့်မြို့၏ စိုးရိမ်ရေမှတ်အထက် ၂၃ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး ရေဘေးရှောင်ယာယီကယ်ဆယ်ရေးစခန်းသို့ အမှတ် (၄)ရပ်ကွက်မှ အိမ်ထောင်စု ၂၅ စု လူဦးရေ ၁၃၃ ဦးမှာ ရွှေ့ပြောင်းခဲ့ ဘုန်းကြီးကျောင်းသို့လည်းကောင်း၊ မြတောင်ကျေးရွာမှ အိမ်ထောင်စု ခုနစ်စု လူဦးရေ ၃၅ ဦးမှာ မြတောင်ကျေးရွာ ဖောင်တော်ဦးကျောင်းသို့လည်းကောင်း၊ မြတောင်ကျေးရွာမှ အိမ်ထောင်စု ၁၆ စု လူဦးရေ ၇၅ ဦးမှာ နီးစပ်ရာ ဆွေမျိုးများအိမ်သို့လည်းကောင်း၊ ကြက်တကောင်ကျေးရွာမှ အိမ်ထောင်စု ၂၃ စု လူဦးရေ ၁၀၇ ဦးမှာ နီးစပ်ရာ ဆွေမျိုးများအိမ်သို့လည်းကောင်း၊ ကြက်တကောင်ကျေးရွာမှ အိမ်ထောင်စုတစ်စု လူဦးရေ ခြောက်ဦးအား ကျေးရွာဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း စုစုပေါင်း အိမ်ထောင်စု ၉၇ စု လူဦးရေ ၄၆၃ ဦး ပြောင်းရွှေ့နေထိုင်ခဲ့ကြကြောင်း သိရသည်။

ထီးချိုင့်မြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်း ရွှေ့စည်းခုံ ဘုန်းတော်ကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရဲလင်းထွန်း(ပြန်/ဆက်)

(၄၂)နှစ်မြောက်မင်္ဂလာဆုတောင်းပါ

ပါးပါးဦးကျော်ထွန်းအောင် + မားမား ခေါ်စီစီကေး
HAPPY WORLD စက်မီကစားကွင်း နှင့်
၇ မိုင် သဘာဝကမ်းခြေ (မန္တလေး) တို့၏

(၁၇-၇-၂၀၁၉)ရက်နေ့တွင် ကျရောက်သော(၄၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ၍ သာယာချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက် . . .

သမီးကြီး – မအိမ့်အိမ့်အောင်+ကိုကြည်မြင့် (HAPPY ZONE မိသားစုအပန်းဖြေကစားကွင်း)
မြေးများ – ကျော်စောဟိန်း၊ လူမော်ဦး၊ လင်းမြတ်အောင်
သမီးလတ် – Dr.နွေနွေအောင်(HAPPY WORLD စက်မီကစားကွင်း)+ ကိုဝေဘုန်း(Coffee Circles)
မြေး – ဘုန်းသစ်ဟိန်း
သမီးထွေး – မချစ်ဝိုဝိုကျော် @ Liz

အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးကောက်ခံအဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်းကြေညာခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၊ ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာအဖွဲ့၏ အမှုဆောင်အဖွဲ့အား ရွေးကောက်ခံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ၂၀၁၉ခုနှစ်၊ ဩဂုတ်လအတွင်း အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်သဖြင့် အောက်ဖော်ပြပါ အရည်အချင်းနှင့် ကိုက်ညီသူများသည် ရွေးကောက်ခံကိုယ်စားလှယ်များအဖြစ် အဆိုပြုလျှောက်ထားနိုင်ပါသည်-

(၁) မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)တွင် အသင်းဝင်ထားပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာအဖွဲ့တွင် အသင်းဝင်ထားပြီးသူဖြစ်ရမည်။ မဖြစ်သေးပါကလည်း အဆိုပြုလွှာတင်သွင်းချိန်တွင် အသင်းဝင် အဖြစ် လျှောက်ထားပြီးသူဖြစ်ရမည်။
(၃) မြန်မာနိုင်ငံအတွင်း လက်ရှိနေထိုင်သူဖြစ်ရမည်။
(၄) ပညာအရည်အချင်းအဖြစ် အဆိုပြုလွှာတင်သွင်းပြီးချိန်တွင် Public Health related Master Degree တစ်ခုခု ရရှိထားပြီးသူဖြစ်ရမည်။
(၅) အသင်း၏လုပ်ငန်းဆောင်ရွက်ချက်များကို တက်တက်ကြွကြွ ဆောင်ရွက်လိုသူဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

ရွေးကောက်ခံသူများအဆိုပြုလွှာ နောက်ဆုံးပိတ်ရက်မှာ ၃၁-၇-၂၀၁၉ ရက်၊ ၁၆:၀၀နာရီဖြစ်ပြီး အဆိုပြုလွှာလျှောက်လွှာတင်သွင်းနိုင်ရေးအတွက် ဒေါက်တာကျော်စွာမြ (အတွင်းရေးမှူး)၊ ဖုန်း ၀၉-၅၁၆၁၅၅၂၄၊ Email: kyawswamya@gmail.com ထံ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ရွေးကောက်ပွဲပြုလုပ်မည့် နေ့ရက်၊ အချိန်၊ နေရာတို့အား ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့
ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)

တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ စည်ဆွဲကျေးရွာအုပ်စု၊ ကဆွယ်ရွာနေ မရွှေစင်အိ၏ ဖခင် ဦးမြင့်ရွှေ (SLN-141675) နှင့် ဦးမြင့်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြင့်ရွှေ(ခ)ဦးမြင့်ဆွေ

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ စည်ဆွဲကျေးရွာအုပ်စု၊ ကဆွယ်ကျေးရွာနေ ဦးမြင့်ရွှေ၏ သမီး မရွှေင်အိ (နိုင်)၁၈၁၁၆၂၏ အမည်မှန်မှာ မရွှေစင်အိ ဖြစ်ပါကြောင်း။

မရွှေစင်အိ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ် (၇၉/၈၁)ဟု လိပ်စာခေါ်တွင်သည့် အဆောက်အအုံ၏ အလွှာအားဖြင့် (၄)လွှာ၊ အကျယ်အဝန်း ပေ(၁၈×၅၀)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းသည် ဦးမင်းသစ် [၁၂/မဂတ(နိုင်)၀၇၄၉၂၂] တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရဲချိုမှ [၁၂/လသန(နိုင်)၀၀၇၃၃၁]ထံသို့ အပြီးအပိုင်ရောင်းချရန် စကားကမ်းလှမ်းလာပါသည်။

အဆိုပါ တိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးရဲချိုမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ဦးမင်းသစ်သို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးထင်ကျော် B.Sc,H.G.P,R.L
ဒေါ်သက်လေးချို LL.B,D.B.L,D.I.L,D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်၅၃၅၅/၉၀) တရားလွှတ်တော်ရှေ့နေ (စဉ်၁၀၂၀၉/၁၄)
အမှတ်-၁၃၈၊ ပထမထပ်၊ ၃၂လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၂၄၃၅၆၈၊ ၀၉-၅၁၀၆၂၁၊ ၀၉-၄၂၀၀၂၄၂၉

"အများသိရှိစေရန်ကြေညာခြင်း"

ခေါ်ခိုင်ဇာမွန် (၁/ကမန (နိုင်) ၀၂၀၁၃၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လူမှုကွန်ရက်ပေါ်တွင် "Khaing Zar Mon (Fish Girl Lay)" ဟူသော facebook account နှင့် Crystal Diamond (Diamond & Jewellery) ဟူသော Page တို့အား အသုံး ပြုလျက်ရှိပါသည်။ ၎င်း facebook account, Page တို့နှင့်ပတ်သက်၍ လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေနှင့် ပတ်သက်၍လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေအားတခြားသူ(မည်သူမဆို) ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် စိတ်နှလုံး ညှိုးနွမ်းစေရန်၊ စီးပွားရေးကောင်းသတင်း ဂုဏ်သိက္ခာ ကျဆင်းစေရန် မဟုတ်မမှန် Post တင်ခြင်း၊ ငွေကြေး အရှုပ်အရှင်းများရှိသယောင်စွပ်စွဲပြောဆိုရေးသားခြင်း၊ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် အစရှိသည့် ကိစ္စရပ်များကို ပြုမူပြောဆိုခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကျွန်ုပ်မိတ်ဆွေ၏စီးပွားရေးအရ သော်လည်းကောင်း၊ လွတ်လပ်စွာတင်သောခါတ်ပုံများအားလည်းကောင်း မသမာသော်စိတ်ဖြင့် Post တင်ခြင်း၊ Like လုပ်ခြင်း၊ Comment ရေးခြင်း၊ share ခြင်း၊ Save ခြင်း၊ Copy ကူးယူခြင်းများပြုလုပ်၍ မိမိ Account တွင်ပြန်လည် ကူးယူတင်ခြင်းများ မပြုလုပ်ကြရန် လေးနက်စွာအသိပေးအပ်ပါသည်။

ထိုသို့မဟုတ်ပဲ အများသိရှိစေရန် ကြေညာထားသော ကိစ္စရပ်များအား ပြုလုပ်ဆောင်ရွက်လာပါက ပြုလုပ်ဆောင်ရွက်သူ အားလုံးကို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်ကျော်
LL.B.,B.A(Business Law).,C.B.L., DL.101 WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉/၂၀၁၄)
အမှတ်(၇၈) (ပ-ထပ်)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
Ph : 09 - 250729155, 09 - 8610513, 09 - 766345666

ဦးမောင်မောင်မြင့်[၅/ကဘလ(နိုင်)၀၉၂၃၉၄] ဇွဲမာန်ဆန်စက်၊ ဘဏ်ကျွန်းကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ ဗျာပုံဒေရိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့နေ ဦးမောင်မြင့်[၅/ကလန(နိုင်)၀၀၂၆၀၈]ထံမှ ၃-၁၂-၂၀၁၇ ရက်စွဲပါ "နှစ်ဦးသဘောတူအတိုးမဲ့ငွေချေးကတိစာချုပ်"အရ ဦးမောင်မောင်မြင့်[၅/ကဘလ(နိုင်)၀၉၂၃၄]ရယူသွားခဲ့သော ငွေကျပ်-၇၀၀၀၀၀၀၀/-(ကျပ်သိန်းခုနစ်ရာ)တိတိအား ၃၀-၆-၂၀၁၈ရက်တွင် နောက်ဆုံးထား၍ ပြန်လည်ပေးအပ်ရန် သက်သေများရှေ့တွင် ကတိပြုလက်မှတ်ရေးထိုးရယူသွားခဲ့သော်လည်း ပြန်လည်ပေးအပ်ခြင်းမရှိခဲ့သောကြောင့် အကြိမ်ကြိမ် တယ်လီဖုန်းဖြင့် ဆက်သွယ်တောင်းခံခြင်း၊ ရွေ့နေမှတစ်ဆင့် အကြောင်းကြားပေးပို့တောင်းခံခြင်းများ ပြုလုပ်ခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိဘဲ အဆက်အသွယ်မလုပ် ဂရုမစိုက် ရှောင်တိမ်းနေခဲ့ပါသည်။ ၂၀၁၉ခုနှစ်၊ ဇွန်လအတွင်းရောက်မှ ကျွန်ုပ်တို့၏ မိတ်ဆွေ၏ ဘဏ်ငွေစာရင်းနံပါတ်ကိုတောင်းယူ၍ ငွေပို့ပေးပါမည်ဟု ဖုန်းဆက်ပြောဆိုပြီး ငွေကျပ်-၅၀၀၀၀၀၀/-(ကျပ်ငါးသိန်း)တိတိကိုသာ ဘဏ်ငွေစာရင်းမှတစ်ဆင့် ပြန်လည်ပေးဆပ်ခဲ့သောကြောင့် ယနေ့တိုင် ချေယူသွားသော ငွေကျပ်-၆၉၅၀၀၀၀၀/-(ကျပ်ခြောက်ရာကိုးဆယ့်ငါးသိန်း)တိတိ ပေးဆပ်ရန် ကျန်ရှိနေပါသည်။

ထိုနောက်ပိုင်း တယ်လီဖုန်းဖြင့် ဆက်သွယ်သော်လည်း လက်ခံဖြေကြားခြင်းမရှိ လစ်လျူရှုနေခဲ့ပါသည်။ အဆိုပါ ပေးဆပ်ရန်ကျန်ငွေများကို ဤကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့မိတ်ဆွေထံသို့ဖြစ်စေ အမြန်ဆုံးလာရောက်ပေးဆပ်ရန် တောင်းဆိုလိုက်သည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း ဦးမောင်မောင်မြင့်နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတက်ဝင်းမြိုင် (စဉ်-၁၉၅၃) B.A.(LAW).,LL.B
ဒေါ်သီသီလှိုင် (စဉ်-၁၄၆၁၈) LL.B,D.M.L
ဒေါ်ထွေးဆုိင်မိုး(စဉ်-၄၅၉၈၀) LL.B.,LL.M
တရားလွှတ်တော်ရှေ့နေနှင့်နိုင်ငံတြဲပဋ္ဌလစ် **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
LAW OFFICE OF WYNN & WIN
အမှတ်-၁၀/၁၂၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၉၅၄၃၃၃၀၈၊ ၀၉-၂၅၀၇၉၀၇၇

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ကျိုက်စကိုင်းကျေးရွာနေ ကျိုက်စကိုင်းကျောင်းတွင် ပညာသင်ကြားနေသော မောင်ဝေယံကျော်နှင့် မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် [၁၂/တကန(နိုင်)၂၄၆၁၆၈]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ စန္ဒာရာမ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း G-6 (သင်ရိုးသစ်) မောင်ကျော်စိုးလင်းနှင့် အထက(၁၆) ဒသမတန်း(A)မ မယ်ဉမင်းထိုက်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်အိ ဖြစ်ပါသည်။

ဦးကျော်အိ

သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၆)ရပ်ကွက်၊ ရတနာသုခလမ်းနှင့် ဗိုလ်ထွန်းလင်းလမ်းထောင့်၊ အိမ်အမှတ် (၈၆၅)နေ ဒေါ်မြင့်မြင့်(ခ)မချို [၁၂/ဗဟန(နိုင်)၀၈၄၅၂၀]၏သားဖြစ်သူ မောင်နေဝင်းထွန်း(ခ)အလီဘိုင် မှတ်ပုံတင်အမှတ်[၁၂/ဒဂမ (နိုင်)၀၅၄ ၂၉၄]ကိုင်ဆောင်သူသည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းများသည် ၎င်းနှင့်သာ သက်ဆိုင်ပြီး မိဘတို့နှင့်မသက်ဆိုင်ကြောင်းနှင့် (လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
ဒေါ်မြင့်မြင့်(ခ)မချို [၁၂/ဗဟန(နိုင်)၀၈၄၅၂၀]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊မြေကွက်အမှတ်(၃၉၀/က)၊ မြေကွက်တည်နေရာအမှတ်(၃၉၀/က)၊ကောလမ်း(၃၂)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပဦးနေလင်းလှိုင်(၁၂/သဃက(နိုင်)၁၄၅၁၈၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးနေလင်းလှိုင်(၁၂/သဃက(နိုင်)၁၄၅၁၈၀)သည်(၁၂-၃-၂၀၁၇)ရက်နေ့တွင်(လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့်ဦးသိန်းမြင့်ကျော်(၁၂/သဃက(နိုင်)၁၆၃၃၄၄)မှအမေတူ၊အဖေကွဲသော်စပ်ကြောင်း၊မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊တွင်ကိုနိုင်ဆိုသောကျွမ်းကျိန်လွှာအမှတ်-၃/၄၈၁/၁၉၊သေစာရင်းနှင့်ဦးနေလင်းလှိုင်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာသဖြင့်ကွင်းဆင်းစစ်ဆေးရာတစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရှိပြီးလူမနေပေါ်။ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်းလျှောက်ထားသူမှစောင့်ဆိုင်း၍လက်မှတ်ရေးထိုးပြီးသော့ဖွင့်ပြသဖြင့်အဆိုပါလျှောက်ထားမှုအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွာရှင်းပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒိုလိတထောင်မြို့နယ်၊ (၄) ရပ်ကွက်၊ ၅၃ လမ်း၊ အမှတ် (၁၄/၁၆)၊ ၂ လွှာ (A)၊ နေ **ဦးဇင်မင်းထွန်း (ခ) အဝဲဒုလ်အဇီးဇ်** (၁၂/သဃက (နိုင်) ၁၇၀၂၁၂) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇင်မင်းထွန်း (ခ) အဝဲဒုလ်အဇီးဇ်သည် ဒေါ်ရတနာပိုး (ခ) ရှမီးန်ဘီနှင့်(၃-၂-၂၀၁၂) နေ့က အစ္စလာမ်ဘရားတော်နှင့်အညီ နေကာဟ်ပြထိမ်းမြားလက်ထပ်ခဲ့ပါသည်။

(၂၂-၅-၂၀၁၉) နေ့၌ **ဦးဇင်မင်းထွန်း (ခ) အဝဲဒုလ်အဇီးဇ်**က အိမ်ထောင်ရေးဘဝခရီးရွေ့ဆက်လျှောက်လှမ်းရန် မည်သို့မျှမဖြစ်နိုင်တော့သဖြင့် ဇနီးသည်ဖြစ်သူ **ဒေါ်ရတနာပိုး (ခ) ရှမီးန်ဘီ**အား သက်သေနှစ်ဦး၏ရှေ့မှောက်၌ **အစ္စလာမ်ဥပဒေ (မဟာမေဒင်ဥပဒေ)** နှင့်အညီ သွလာကေဗာအင်နိုင်ငံပေးကြောင်း မြွတ်ဟကြေညာစာချုပ်၌လက်မှတ်ရေးထိုး၍ **(သွလာကေဗာအင်နိုင်ငံပေး)**၍ကွာရှင်းကြောင်း နှုတ်မှလည်းမြွတ်ဆို၍) ဇနီးအဖြစ်မှ အပြီးအပိုင်ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

ထိုသို့ကွာရှင်းခဲ့မှုကြောင့် "မြန်မာမွတ်စလင်မ် သာသနာ့ဥပညာရှင်များအဖွဲ့ချုပ်ကြီး"ကလည်း (၂၂-၆-၂၀၁၉) ရက်စွဲဖြင့် "လင်ခန်းမယားခန်းအပြီးအပိုင်ပြတ်စဲသွားပြီဖြစ်သည်"ဟု ဓမ္မသတ်အဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် **ဦးဇင်မင်းထွန်း (ခ) အဝဲဒုလ်အဇီးဇ်**နှင့် ဒေါ်ရတနာပိုး (ခ) ရှမီးန်ဘီတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -



ဦးနေဝင်းဇော် (B.Sc, H.G.P, C.B.L)
Higher Grade Pleader
(Lawyer Lc No.19147/1991)
Al-Mezan (Law Firm)
အမှတ် (၂၀၇)၊ (ပထပ်-၀)၊ ၃၂ လမ်း၊ (၁၁) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ 09 786 786 053 0997 21 51 911

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

ဝွမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားလွှာ

ဝွမြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၄)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို ၁၈-၈-၂၀၁၉ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၂နာရီထိ သုခိတာရာမပရိယတ္တိစာသင်တိုက်၊ ဗဟိုလမ်းနှင့် ပန်းတနော်လမ်းထောင့်၊ ဥယျာဉ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝွမြို့နယ်သူ/သားတိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အသင်းဝင်များ၏ ဂုဏ်ထူးရသား/သမီးများရှိပါက ရရှိသောအမှတ်စာရင်းမိတ္တူကို ၃၁-၇-၂၀၁၉ရက် နောက်ဆုံးထား၍ ဖော်ပြပါ အမှုဆောင်များထံ ဆက်သွယ်ပေးပို့နိုင်ပါသည်။ ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် အလှူငွေများကိုလည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဦးချစ်မောင် ၀၉-၈၇၇၃၉၂၁၅၂၊ ဒေါ်ခင်မူ ၀၉-၅၁၇၉၂၁၀၊ ဦးကြွင်းအောင် ၀၉-၂၅၄၁၈၀၇၈၈၊ ဦးသိန်းဝင်း ၀၉-၄၅၂၃၆၅၄၂၇၊ ဦးမြင့်ဆွေ ၀၉-၇၉၉၉၁၀၄၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (YBS-11,20,59,62,75,85 ကားများစီး၍ ရှမ်းလမ်းမှတ်တိုင်တွင် ဆင်း၊ အထက(၄) စမ်းချောင်း မြောက်ဘက်ထိပ် ဥယျာဉ်ကျောင်းလမ်းမှဝင်ပါရန်)

အမှုဆောင်အဖွဲ့

စည်းစိမ်မင်း 09-444450446, 09-444450558, 09-250144709
F.B Page:

- ပုဂံ(ရွှယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပဒုက္ကူ-သီဟိုဠ်ရှင် (၃)ရက်
- မန္တလေး၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ (၃)ရက်
- ဘားအံ၊ မြဝတီ၊ မဲဆောက် Hotel (၃)ရက်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်ကဏ္ဍူ (၄)ရက်

July 18 · July 15, 18 · 20000/30000

ဖခင်အမည်မှန်

ကွဲပွဲမြို့ အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်း(C)မှ မညီညီဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းဇော်သက် [၇/အတန(နိုင်)၀၉၆၁၁၆] ဖြစ်ပါကြောင်း။

ဦးထွန်းဇော်သက်

ယမင်းသူ

မြို့တွင်း၊ မြို့ပြင်၊ ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ငှားရန် ကားမျိုးစုံရှိသည်၊ ယာဉ်ပိုင်ရှင်များလည်းအဆက်သွယ်နိုင်ပါသည်။

09 5174914, 09 5136421

အိမ်ခြံမြေ သင်တန်း

ကြည်စိုး I.C

09-510 4041

ရွှေခင်းသာ FULLY AIR-CON (July 18) AUG 9

- မန္တလေး၊ မြင်ဦး၊ ကန်... (၄)ရက် 45000
- ပုဂံ၊ ပုပ္ပါး၊ ရွှေတော်လေးဆူ၊ ပဒုက္ကူ၊ ... (၄)ရက် 45000
- တောင်ကြီး၊ မန္တလေး၊ ပြင်ဦးလွင်၊ ... (၄)ရက် 50000
- တောင်ကြီး၊ မန္တလေး၊ ... (၅)ရက် 85000

Ph: 09-420046635, 09-954783826

ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၇-၂၀၁၉) ရက်နေ့ ကြေးမုံ သတင်းစာ ကြော်ငြာစာ မျက်နှာ (၃၀) တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ တွင် အမွေဆက်ခံသူ အမည် ဦးအောင်ဇင် အစား ဦးအောင်တင် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်ပြောင်း

သယံန်းကျွန်းမြို့နယ်၊ ဦးဘဟန်လမ်း၊ ဘဏ်ရိပ်သာရပ်ကွက်၊ တိုက်(ဈ)၊ အခန်းအမှတ်(၂၂)နေ ဦးမောင်မောင်သိန်း၏ သား မောင်စည်သူထိုက်(ခ) မောင်စန်းမောင်မောင်[၁၂/သဃက(နိုင်)၁၆၅၁၁၂]အား မောင်စန်းမောင်မောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စန်းမောင်မောင်

မိခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ လာပို့ အထက၊ ဒသမတန်းမှ မောင်ဝေယံစိုး၊ အဋ္ဌမတန်းမှ မစုမြတ်မွန်၊ တတိယတန်းမှ မမေသူဝင်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်ပို [၅/ကနန(နိုင်)၁၄၁၇၅၉] ဖြစ်ပါကြောင်း။

ဒေါ်ပို

June Empress Travels & Tours

01 53200, 09 73216955, 09 5037438

ခရီးစဉ်မျိုးစုံအတွက် ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ်မျိုးစုံနှင့် မြို့တွင်း/မြို့ပြင် ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။ လချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်။ သာဒိုနိုင်ရှင်များ ဆက်သွယ်ပါ။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/၃(သကတ-၃)၊ မြေကွက်အမှတ်(၁၈၄)၊ ဧရိယာ(၀.၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၈၄)၊ အောင်ပြည့်စုံလမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးစိန်ဝမ်း(KTG-၀၄၉၀၅၆)အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်-ဦးစိန်ဝမ်း(ဖခင်)၁၃-၆-၉၆တွင် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ်-၆၂၁၀/၁၆(၁၁-၁၁-၁၆)ဖြင့် ပိုင်ဆိုင်လာသူ(မိခင်)ဒေါ်ထွေးရီသည်၈-၅-၂-၂၀၁၇နေ့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ ဦးနိုင်းဝေမြို့ဝမ်း(၁၂/ကမတ(နိုင်)၀၀၂၅၀၃)၊ ၂။ ဦးနိုင်းနေမျိုးဝမ်း(၁၂/ကမတ(နိုင်)၀၅၂၅၉၆)၊ ၃။ ဒေါ်နန်းစိမ့်မြူပြာဝမ်း(၁၂/ကမတ(နိုင်)၀၆၁၈၄၆)၊ ၄။ ဒေါ်နန်းစိမ့်မှုယာဝမ်း(၁၂/ကမတ(နိုင်)၀၆၁၈၄၅)တို့မှ သားသမီးအရင်းများ တော်စပ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ မိခင်ဖခင်တို့၏ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀) မြေငှားဂရန်နှင့် မိခင်ဖြစ်သူ၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်တို့အား တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်နိုင်လိုသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဉာဏ်မှုး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/၃(သကတ-၃)၊ မြေကွက်အမှတ်(၁၈၄)၊ ဧရိယာ(၀.၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၈၄)၊ အောင်ပြည့်စုံလမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးစိန်ဝမ်း(KTG-၀၄၉၀၅၆)အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်-ဦးစိန်ဝမ်း(ဖခင်)၁၃-၆-၉၆တွင် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ်-၆၂၁၀/၁၆(၁၁-၁၁-၁၆)ဖြင့် ပိုင်ဆိုင်လာသူ(မိခင်)ဒေါ်ထွေးရီသည်၈-၅-၂-၂၀၁၇နေ့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ၁။ ဦးနိုင်းဝေမြို့ဝမ်း(၁၂/ကမတ(နိုင်)၀၀၂၅၀၃)၊ ၂။ ဦးနိုင်းနေမျိုးဝမ်း(၁၂/ကမတ(နိုင်)၀၅၂၅၉၆)၊ ၃။ ဒေါ်နန်းစိမ့်မြူပြာဝမ်း(၁၂/ကမတ(နိုင်)၀၆၁၈၄၆)၊ ၄။ ဒေါ်နန်းစိမ့်မှုယာဝမ်း(၁၂/ကမတ(နိုင်)၀၆၁၈၄၅)တို့မှ သားသမီးအရင်းများ တော်စပ်ကြောင်း တရားရုံး ကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ မိခင်ဖခင်တို့၏ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀) မြေငှားဂရန်နှင့် မိခင်ဖြစ်သူ၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်တို့အား တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်နိုင်လိုသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဉာဏ်မှုး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားမရုံးတော်၌

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၉ နှင့် ဆက်နွှယ်သည့်

၂၀၁၉ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၃

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ယခင်) ကမ္ဘာ့ရတနာဘဏ်(အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)(ယခု) [၎င်းဘဏ်ကိုယ်စား- ဒုတိယဗိုလ်မှူးကြီး ထင်အောင်(ငြိမ်း)]	၁။ ဒေါ်မြင့်မြင့်မာ ၂။ မြန်မာဟီးရိုးနည်းပညာနှင့် စက်မှုဆိုင်ရာကုမ္ပဏီလီမိတက် (ကိုယ်စား-ဦးစိုးမိုး၊ မန်နေးဂျင်းဒါရိုက်တာ) ၃။ ဒေါ်အေးအေးရီ
(ဒီကရီအနိုင်ရသူ) နှင့်	**(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၅၂၅)၊ မီကာဆာဟိုတယ်၊ အမှတ်(၁၇)နေ အမှတ်(၂) တရားရှုံး မြန်မာဟီးရိုးနည်းပညာနှင့် စက်မှုဆိုင်ရာကုမ္ပဏီလီမိတက်(ကိုယ်စား-ဦးစိုးမိုး၊ မန်နေးဂျင်းဒါရိုက်တာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခင်)၊ ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်) (ယခု) [၎င်းကိုယ်စား-ဒုတိယဗိုလ်မှူးကြီးထင်အောင်(ငြိမ်း)]က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၇ရက် (၁၃၈၁ ခုနှစ် ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်စိန်)
ဒုတိယခရိုင်တရားသူကြီး(၁၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

မမ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-444880970

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅ကဲဘဲ)၊ မြေကွက်အမှတ်(၃၅/က)၊ ၀.၀၃၈ဧက၊ မြေကွက်တည်နေရာအမှတ်(၂၈/၂၂၉)၊ ဆောင်ပင်လမ်းသွယ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ... အမည်ပေါက်၊ A ရှာဖွေ၃(က) ရပ်ငြိမြေအား အမည်ပေါက်မှ ... (၁၉၄၅)ခုနှစ်တွင် လည်းကောင်း၊ ... (၁၉၇၀)ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ဒေါ်လှတင် ... ဒေါ်ထွေးစိန်ထံမှ(၁-၁-၂၀၁၁)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဦးခင်မောင်ဦးမှလည်းကောင်း၊ ဦးခင်မောင်ဦးထံမှ(၂-၂-၂၀၁၆)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဦးအောင်ကျော်မြင့်မှလည်းကောင်း ပိုင်ဆိုင်လာပါသည်။ ဦးအောင်ကျော်မြင့်မှ(တရားလို)ပြုလုပ်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်-၆၁/၂၀၁၈ဖြင့် ဦးခင်မောင်ဦးအား(တရားပြိုင်)ထားရှိ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုရာ တရားလိုမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ တရားမဇာရီမှုအမှတ်-၃၂/၂၀၁၉ အရ တရားရုံးကိုယ်စားဆောင်ရွက်ရန် အတွက် တရားရုံးမှ၄-၆-၂၀၁၉ရက်စွဲဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်မေမိုးသီရိ (ဘီလစ်)၊ ဒုတိယဦးစီးမှူး မှ တရားရုံးဒီကရီအထောက်အထား၊ တရားရုံးမှ တာဝန်ပေးအပ်စာ၃(က) အထောက်အထားတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်နိုင်လိုသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဉာဏ်မှုး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၁၉ ခုနှစ်၊ တရားမကြီးမှု အမှတ်-၄၂၂

၁။ ဦးသန်းစိုး(ကိုယ်တိုင်နှင့် (၂)တရားလို၏ အခွင့်ရ ကိုယ်စားလှယ်) ၂။ ဒေါ်အေးအေးစမ်း	၁။ ဦးကွမ်းဂျား ၂။ ဒေါ်ခေါ်နှင့်ရှောင် ၃။ ဦးဝင်းနိုင် ၄။ ဒေါ်အိအိနီ
(တရားလိုများ) နှင့်	**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်-၆၈ (ယခင်နေရပ်လိပ်စာ)နေ (၁) တရားပြိုင် ဦးကွမ်းဂျား၊ (၂) တရားပြိုင် ဒေါ်ခေါ်နှင့်ရှောင်၊ (၃) တရားပြိုင် ဦးဝင်းနိုင်နှင့် (၄) တရားပြိုင် ဒေါ်အိအိနီ(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ် တရားလိုများက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ရက် (၁၃၈၁ ခုနှစ်၊ ဝါဆိုလကွယ်)နေ့ မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်တို့မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းသန်းတင့်)
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အောင်ကမ္ဘာ

(အိမ်ခြံမြေ) ရောင်းဝယ်ရေး

ဒဂုံမြို့သစ်(တောင်ပိုင်း၊ ဆိပ်ကမ်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း) ရွှေပေါက္ကံ မြေကွက်များဝယ်လိုသည်။ အိမ်အရောက်ငွေချေသည်။ ပွဲခပေးရန်မလိုပါ။

09-43118200
09-450096144
09-450096155

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

